## တောင်ပုလု အရှင်ကောဝိဒ

စီရင်ရေးသားသော

# ဓုတဂ်ပကာသနီကျမ်း


ဖြန့်ချိရေး

အောင် မိသားစု စာပေ

ဘုရာ လမ်းဘူတာ၊ ဗိုလ်ချုပ်ဈေး စာတိုက်

ရန်ကုန်မြို့။

၁၉၇၉ ခု၊ ဒုတိယအကြိမ်၊ ဇူလိုင်လ။



ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရား
Taungpulu Kaba Aye Sayadaw



မုတာဂ် ပကာသနီကျမ်းပြု

တောင်ပုလု-အရှင်ကောဝိဒ

တောင်ပုလု အရှင်ကောဝိဒ

စီရင်ရေးသားသော

# မုတင်္ဂပကာသနီကျမ်း



ဖြန့်ချိရေး

**အောင်မိသားစု စာပေ**

ဘုရားလမ်းဘူတာ၊ ဗိုလ်ချုပ်ဈေး
ရန်ကုန်မြို့။

၁၃၀၉ ခု၊ ဒုတိယအကြိမ် ဇူလိုင်လ။

## မာတိကာ


၁။ အမှာနိဒါန်း
၂။ ဓုတင် ၁၃-ပါး
၃။ ဓုတင် ၁၃-ပါးကို မြတ်-လတ်-ညံ့ သုံးပါးဖြင့် ဝေဖန်ချက်
၄။ ဓုတင် ၁၃-ပါး ရှစ်လုံးဘွဲ့များ
၅။ အထူးမှတ်ချက်
၆။ တောင်ပုလု ဆရာတော်ဘုရားကြီး ဓုတင်ပေးတရား
၇။ ဓုတင်ဆောင်ရဟန်းတော်များ သိမှတ်ဖွယ်
၈။ အနာဂတ်သာသနာအတွက်
၉။ ဓုတင်အကျင့်
၁၀။ အကြီးအမှူးသုံးမျိုး
၁၁။ ကျွန်ုပ်တို့၏ဖြစ်ပေါ်ကြောင်းတရား
၁၂။ သမထ-ဝိပဿနာတရားအားထုတ်ခြင်းအကျိုး
၁၃။ ဓုတင်အကျိုး သံပေါက်ကဗျာ
၁၄။ သရဏဂုံတည်ခြင်း အကျိုးကဗျာ

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနသာသနံ စိရံ တိဋ္ဌတု။

မြတ်စွာဘုရား၏ သာသနာတော် နှစ်ထောင်ငါးရာကျော်တွင် ဝိမုတ္တိယုဂခေတ် ပဋိပတ်သာသနာနှင့် ရင်ဆိုင် တွေ့ကြုံရသော ယောဂီများအဖို့ အလွန်ကံကောင်း ထောက်မသဖြင့်သာ အတိတ်ရှေးကံ ဘဝပါရမီအလျောက် ဆုံတွေ့ရပေသည်ဟု လေးနက်သော သတိပညာဖြင့် ဝေဖန်ဆုံးဖြတ်၍ သတိပဋ္ဌာန်ဝိပဿနာ ဘာဝနာတရားများ ကြိုးစားအားထုတ်ရန် အခွင့်ကောင်းကို လက်မလွှတ်တမ်း ကျင့်ကြံကြိုးစား ပွားများ အားထုတ်ရန် ဤစာဖြင့် တိုက်တွန်း နှိုးဆော် အပ်ပါသည်။

လူဖြစ်ကြုံဒုလ္လဘမှတစ်ဆင့် ပဗ္ဗဇိတဒုလ္လဘ ရဟန်းဖြစ်ကြုံသို့ တစ်ဖုံကူးပြောက် တစ်ဆင့်ရောက်နိုင်သော အခွင့်ထူးများ ရှိနေခိုက်နှင့်လည်း ရင်ဆိုင်လျက် ရှိနေသည့်အပြင် ပဋိပတ်သာသနာခေတ် သမထ, ဝိပဿနာ ဘာဝနာ တရားများ အပြင် ကျန်ရှိနေသေးသော ကိလေသာကို ခါတွက်ပယ်သတ်နိုင်သော ဓုတင်တရားများမှာလည်း သာမန် ပုဂ္ဂိုလ်များ စွမ်းဆောင်ခြင်းငှာ မတတ်နိုင်ကြပေ။

ယခုခေတ် သမထ, ဝိပဿနာ တရားများ ကျင့်ပွား အားထုတ်သူ များသလောက် ဓုတင်ဆောင်ပုဂ္ဂိုလ် ပါးရှားလှပေသည်။ ဤကဲ့သို့သော ခေတ်အခါမျိုးတွင် စွမ်းစွမ်းတမံ မိမိ

ကိုယ်ကျိုးအတွက် အားမာန်တက်ပြီး သတိနှင့် ဉာဏ်ပညာ ယှဉ်လျက် သဒ္ဓါစိတ်ကလေးကို ကြီးထွားစေ၍ မြတ်စွာဘုရား၏ အလိုတော်ကျ ဓုတင်ကို ဆောက်တည်ကျင့်သုံးကြစေရန် ရေးသားတင်ပြအပ်ပါသတည်း။

---


ဘာသာရေးစာမူ ခွင့်ပြုချက် (၁၉၈/၈၉/၃)

မျက်နှာဖုံးခွင့်ပြုချက် (၂၇၀/၈၉/၆)

ထုတ်ဝေသူ — မိုးကုတ်မောင်ဟန်
ကမ္ဘာလုံးစာပေ (၀၈၇၆)
အမှတ် ၁၄၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်။

ပုံနှိပ်သူ — ဦးယုကြည် (၀၃၃၁၆)
ရတနာမွန် ပုံနှိပ်တိုက်
၁၅၇-၄၈လမ်း၊ ရန်ကုန်။

အဖုံး — ကာလာမောင်ဝင်း

တန်ဖိုး — ၇ ကျပ်

# ဓုတင်္ဂပကာသနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဓုတင် (၁၃) ပါး

ဓုတင်ဆောက်တည်သည်ဆိုသည်မှာ ကျန်ရှိနေသေးသော ကိလေသာကို ခါတွက်ပယ်သတ်ခြင်းပင် ဖြစ်၏။ မြတ်စွာဘုရားသည် သတ္တဝါဝေနေယျ အများကို သနားတော်မူသဖြင့် ကိလေသာဆူးငြောင့် ခလုတ်များကို ပယ်ရှင်းကင်းကွာစေရန် ဓုတင်တစ်ဆယ့်သုံးပါးဖြင့် ဟောညွှန်ပြ၍ ဆုံးမတော်မူခဲ့သော ဓုတင်များမှာ—

၁။ ပံသုကူလိကင်္ဂ—ပံ့သကူဓုတင်၊
၂။ တေစီဝရိကင်္ဂ—တိစီဝရိတ်ဓုတင်၊
၃။ ပိဏ္ဍပါတိကင်္ဂ—ပိဏ္ဍပါတ်ဓုတင်၊
၄။ သပဒါနစာရိကင်္ဂ—သပဒါနစာရီဓုတင်၊

(ဒုတိယအကြိမ်)

၅။ ကောသနိကင်—ကောသနိက်ဓုတင်၊
၆။ ပတ္တပိဏ္ဍိကင်-ပတ္တပိဏ်ဓုတင်၊
၇။ ခလုပစ္ဆာဘတ္တိကင်--ခလုပစ္ဆာဘတ်ဓုတင်၊
၈။ အာရညိကင်—အာရညိကင်ဓုတင်၊
၉။ ရုက္ခမူလိကင်- ရုက္ခမူဓုတင်၊
၁၀။ အဗ္ဘောကာသိကင်—အဗ္ဘောကာသိကဓုတင်၊
၁၁။ သောသာနိကင်—သုသာန်ဓုတင်၊
၁၂။ ယထာသန္ထတိကင်—ယထာသန္ထတိဓုတင်၊
၁၃။ နေသဇ္ဇိကင်—နိသဇ္ဇိဓုတင်—

တို့၌ ဆောက်တည်ပုံ, ကျင့်ပုံအပြားအားဖြင့်လည်းကောင်း၊ ဓုတင်ပျက်ခြင်း အကြောင်းအင်္ဂါတို့ကိုလည်းကောင်း၊ ဓုတင်၏ အကျိုးအာနိသင် ကုသလတိက်အားဖြင့် လည်းကောင်း၊ ဓုတင်စသည်တို့ကို အကြောင်းနှင့်အကျိုး ဆက်စပ်ပုံတို့ကို လည်းကောင်း ဒေသနာနည်းကိုမှီပြီးလျှင် ဉာဏ်ထွာယ်နည်းဖြင့် မကျဉ်းမကျယ် လွယ်ကူစွာ သိရှိကျင့်ဆောင်နိုင်စေရန် ရေးသားပေအံ့။

## ၁။ ပံ့သကူဓုတင်ဆောင်ပုံ, ပျက်ပုံ

ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ။

အိမ်ရှင်ဟုဆိုအပ်သော ဒါယကာလှူသော သင်္ကန်းကို ပယ်ပါ၏။

(ဒုတိယအကြိမ်)

ပံသုကူလိကင်္ဂံ သမာဒိယာမိ။

ပံ့သကူသင်္ကန်းကို ဝတ်ရုံလေ့ရှိသော ရဟန်း၏အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏—

ဟူသော စကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

ဤသည်ကား ဤပံ့သကူဓုတင်၌ ရှေးဦးစွာ ဆောက်တည် ပုံပေတည်း။

မှတ်ချက်။ ။မိမိအလိုဆန္ဒဖြင့် ဓုတင် ပျက်လိုသော် လည်းကောင်း ဒါယကာ လှူသော သင်္ကန်းကို သာယာလက်ခံလျှင်သော် လည်းကောင်း ဓုတင် ပျက်၏။

## ၂။ တိစီဝရိတ်ဓုတင်ဆောင်ပုံ, ပျက်ပုံ

စတုတ္ထကစီဝရံ ပဋိက္ခိပါမိ။

(ဝတ်လောက်ရုံလောက်) လေးထည်မြောက် သင်္ကန်းကို ပယ်ပါ၏။

တေစီဝရိကင်္ဂံ သမာဒိယာမိ။

(ဒုတိယအကြိမ်)

သုံးထည်သော သင်္ကန်းကို ဆောင်ခြင်းအလေ့ ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏—

ဟူသော စကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

ဤကား ဆောက်တည်ပုံပေတည်း။

မှတ်ချက်။ ။လေးထည်မြောက် သင်္ကန်းကို သာယာလက်ခံလျှင် ဓုတင်ပျက်၏။

၃။ ပိဏ္ဍပါတ်ဓုတင်ဆောင်ပုံ၊ ပျက်ပုံ

အတိရေကလာဘံ ပဋိက္ခိပါမိ။

ဆွမ်းခံ၍ရသော ဆွမ်းထက် အပိုအလွန်ဖြစ်သော သံဃာ့ဘတ် အစရှိသော လာဘ်ကို ပယ်ပါ၏။

ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။

ဆွမ်းအလို့ငှာ လှည့်လည်ခြင်း (ဆွမ်းခံခြင်း) အလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏—

ဟူသော စကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

(ဒုတိယအကြိမ်)

မှတ်ချက်။ ။ဆွမ်းခံ၍ရသော ဆွမ်းထက်ပိုသော လာဘ်ကို သာယာ လက်ခံလျှင် နေ့စဉ် ဆွမ်းခံပျက်လျှင် ပိဏ္ဍပါတ်ဓုတင် ပျက်၏။

**၄။ သပဒါနစာရိက ဓုတင်ဆောင်ပုံ ပျက်ပုံ**

လောလုပ္ပစာရံ ပဋိက္ခိပါမိ။

မက်မောသော လောလုပ္ပကျော့ဖြင့် (အိမ်စဉ်ကျော်သွား၍) ဆွမ်းခံသွားခြင်းကို ပယ်ပါ၏။ (ဝါ) လျှပ်ပေါ်သော ဆွမ်းခံခြင်းပယ်ပါ၏။

သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

အိမ်စဉ်အတိုင်း ဆွမ်းခံသွားလေ့ ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစကားကို ဆောက်တည်ပါ၏—

ဟူသော ဤနှစ်မျိုးသော စကားတို့တွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။အိမ်စဉ်ကို ကျော်ဖြတ်၍ ဆွမ်းခံလျှင် သပဒါနစာရိကဓုတင်ပျက်၏။

**၅။ ဧကာသနိက်ဓုတင်ဆောင်ပုံ ပျက်ပုံ**

နာနာသနဘောဇနံ ပဋိက္ခိပါမိ။

(ဒုတိယအကြိမ်)

နေရာအများ၌ စားခြင်းကို ပယ်ပါ၏။

ကောသနိကင်္ဂံ သမာဒိယာမိ။

တစ်ထိုင်တည်း၌သာ စားလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏—

ဟူသော ဤနှစ်မျိုးသော စကားတို့တွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။နေရာ အများ၌ အထပ်ထပ်စားလျှင် ဓုတင် ပျက်၏။

၆။ ပတ္တပိုဏ်ဓုတင်ဆောင်ပုံ, ပျက်ပုံ

ဒုတိယဘာဇနံ ပဋိက္ခိပါမိ။

နှစ်ခုမြောက်သောစားခွက်ကို ပယ်ပါ၏။

ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

တစ်ခွက်တည်း၌ စားဖွယ်ကိုသာ ယူ၍ စားလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏—

ဟူသော စကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

(ဒုတိယအကြိမ်)

မှတ်ချက်။ ။နှစ်ခုသော ခွက်ကို သယာ၍ ယူစားသော ခဏ၌ ရှင်းဝုတ်တင် ပျက်၏။ အသူးအားဖြင့် ရေခွက် တစ်ခုကို မိမိ အနားမှာ ထားပြီး သုံးဆောင်ပါ၏။ သုံးဆောင်ကောင်း၏။

၇။ ခလုပစ္ဆာဘတ်ဝုတ်တင်ဆောင်ပုံ, ပျက်ပုံ

အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ။

အတိရိတ်ဝိနည်းကံပြု၍ စားခြင်းကို ပယ်ပါ၏။

ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။

ပယ်မြစ်ပြီးသည်မှနောက်၌ ရအပ်သော ဆွမ်းကို မစားသော ရဟန်း၏ အင်္ဂါ စေတနာကို ဆောက်တည်ပါ၏—

ဟူသော ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။အတိရိတ်ဝိနည်းကံပြုသော ဘောဇဉ်ကို စားသုံးဆဲ ခဏ၌ တော်ပြီ—တန်ပြီဟု ပယ်မြစ်ပြီးမှ နောက်၌ ခဲဖွယ်ဘောဇဉ်ကို စားသုံးလျှင် ရှင်းဝုတ်တင်ပျက်၏။

(ဒုတိယအကြိမ်)

၈။ အာရညိကင် ဓုတင်ဆောင်ပုံ ပျက်ပုံ

ဂါမန္တသေနာသနံ ပဋိက္ခိပါမိ။

ရွာ၏အနီး ကျောင်း၊ ရွာကျောင်းကို ပယ်ပါ၏။

အာရညိကင်္ဂံ သမာဒိယာမိ။

တောကျောင်း၌ နေလေ့ရှိသော ရဟန်း၏ အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏—

ဟူသော ဤစကားနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော စကား ဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။တောမရသော နေရာအရပ်၌ အရုဏ်တက်စေ လျှင် ဓုတင်ပျက်၏။

၉။ ရုက္ခမူ ဓုတင်ဆောင်ပုံ ပျက်ပုံ

ဆန္နံ ပဋိက္ခိပါမိ။

အမိုးငါးပါးရှိသော နေရာ အရိပ်အာဝါသကို ပယ် ပါ၏။

ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

(ဒုတိယအကြိမ်)

သစ်ပင်ရင်း သစ်ပင်အောက်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏-

ဟူသော ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

အမိုးငါးပါးမှာ-(၁) အုတ်၊ (၂) ကျောက်၊ (၃) သံ၊ (၄) သစ်သား၊ (၅) မြက်သင်ရှက်။

မှတ်ချက်။ ။ခွင့်ပြုထားသည်မှ တစ်ပါး အမိုးရှိသော အရပ်၊ အရိပ်အာဝါသ၌ နေလိုသည့်ဖြင့် ဝင်၍ နေချင်ပျက်၏။

၁၀။ အဗ္ဘောကာသိက ဓုတင်ဆောင်ပုံ၊ ပျက်ပုံ

ဆန္နဥ္စ ရုက္ခမူလဥ္စ ပဋိက္ခိပါမိ။

အမိုးငါးပါးရှိသော နေရာအရပ်ကိုလည်း ပယ်ပါ၏။ သစ်ပင်အောက် နေခြင်းကိုလည်း ပယ်ပါ၏။

အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။

အမိုးမရှိသော ဟင်းလင်းပြင် လွင်တီးခေါင်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏-

(ဒုတိယအကြိမ်)

ဟူသော ဤစကားနှစ်မျိုးတွင် တစ်မျိုးမျိုးသော စကား ဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။အမိုးရှိသော နေရာအရပ်ကို လည်းကောင်း၊
သစ်ပင်အောက်ကို လည်းကောင်း နေခြင်းငှာ
ဝင်သောခဏ၌ ဓုတင်ပျက်၏။

## ၁၁။ သုသာန်ဓုတင် ဆောင်ပုံ ပျက်ပုံ

န သုသာနံ ပရိက္ခိပါမိ။

သုသာန်မဟုတ်သော အရပ်ကို ပယ်ပါ၏။

သောသာနိကင်္ဂံ သမာဒိယာမိ။

သုသာန်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏—

ဟူသော ဤစကား နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော စကား ဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။သုသာန် မဟုတ်သော နေရာ၌ နေကာမျှဖြင့်
ဓုတင်ပျက်၏။

(ဒုတိယအကြိမ်)

၁၂။ ယထာသန္တတိ ဓုတင်ဆောင်ပုံ၊ ပျက်ပုံ

သေနာသန လောလုပ္ပံ ပဋိက္ခိပါမိ။

ကျောင်းအိပ်ရာ နေရာ၌ လျှပ်ပေါ် လော်မော သော တဏှာကို ပယ်ပါ၏။

ယထာသန္တတိကင်္ဂံ သမာဒိယာမိ။

ညွှန်ကြားချထားတိုင်းသော ကျောင်းအိပ်ရာ၊ နေရာ၌ နေလေ့ ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏-

ဟူသော ဤစကားနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောစကားဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။ကျောင်းခံယူရာ၌ လျှပ်ပေါ် လော်လည်ခြင်း တဏှာ ဖြစ်ခါမျှဖြင့် ဓုတ်ဓုတင်ပျက်၏။

၁၃။ နိသဇ္ဇ ဓုတင်ဆောင်ပုံ၊ ပျက်ပုံ

သေယျံ ပဋိက္ခိပါမိ။

လဲလျောင်းအိပ်ခြင်းကို ပယ်ပါ၏။

နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

(ဒုတိယအကြိမ်)

ထိုင်လျက်နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏-

ဟူသော ဤစကားနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော စကားဖြင့် ဆောက်တည်အပ်၏။

မှတ်ချက်။ ။ကိုယ်ဆန့် လျောင်းအိပ်ခြင်း, ပက်လက် အိပ်ခြင်း, စောင်းအိပ်ခြင်းပြုသော ခဏ၌ ဓုတင်ပျက်၏။

ဓုတင် ၁၃-ပါးကို မြတ်-လတ်-ညံ့ သုံးပါးဖြင့် ဝေဖန်ချက်

တို့မှတစ်ပါး ဤဆိုလတ္တံ့သည်ကား—

ဓုတင်ဆောင် ပုဂ္ဂိုလ်တို့အား ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒု အားဖြင့် အမြတ်ဓုတင် အလယ်အလတ်ဓုတင် အညံ့စားဓုတင် ၁၃ ပါးကို ပြဆိုချက်ပေတည်း။

ထိုဓုတင် တစ်ဆယ့်သုံးပါးတို့တွင် အမြတ် အလတ် အညံ့ အားဖြင့် သုံးပါးရှိကုန်၏။

ထိုသုံးပါးတို့တွင်—

## ၁။ ပံ့သကူဓုတင်

သုသာန်၌ ရအပ်သော သင်္ကန်းသည် ဥက္ကဋ္ဌ အမြတ် မည်၏။ အမြတ်စား ဓုတင်ဆောင်ပုဂ္ဂိုလ် ပေါ်ဆိုအပ်၏။
ရဟန်းတို့ ကောက်ယူကုန်လတ္တံ့ဟု ပစ်ချ ထားသော သင်္ကန်းဖြင့် ဓုတင်ဆောင်ပုဂ္ဂိုလ်သည် မဇ္ဈိမခေါ် အလတ်တန်းစား ပုဂ္ဂိုလ် မည်၏။
ခြေရင်း၌ထား၍ လှူအပ်သော သင်္ကန်းကို ကောက်ယူသော ဓုတင်ဆောင်ပုဂ္ဂိုလ်သည် မုဒုခေါ် နူးညံ့သော အညံ့စား ပုဂ္ဂိုလ်မည်၏။

## ၂။ တိစီဝရိတ်ဓုတင်

တိစီဝရိတ်ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိ၏။
ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင် ပုဂ္ဂိုလ်အား သင်္ကန်း ဆိုးသောအခါ ဖွပ်လျှော်သောအခါ သင်းပိုင်ကို ဝတ်၍ ကိုယ်ရုံကို ဆိုးအပ်၏, ဖွပ်လျှော်အပ်၏။ ကိုယ်ရုံကို ဝတ်၍ သင်းပိုင်ကို ဆိုးအပ်, ဖွပ်လျှော်အပ်၏။ နှစ်ထပ်သင်္ကန်းကြီးကိုမူကား ဝတ်ရန်မသင့်။
မဇ္ဈိမဓုတင်ဆောင် ပုဂ္ဂိုလ်အား သင်္ကန်းဆိုးရုံ,ဖွပ်လျှော်ရုံ, သုံးစွဲရန် သင်္ကန်းမည်သည် ရှိ၏။ ထိုသင်္ကန်းကိုဝတ်၍ ဖွပ်လျှော်, ဆိုးခြင်းငှာ အင်၏။
မုဒုရဟန်း ဓုတင်ဆောင် ပုဂ္ဂိုလ်အား သဘောတူသော ရဟန်းတို့၏ သင်္ကန်းတို့ကို ဝတ်ရုံ၍ ဖွပ်လျှော်ဆိုးအပ်၏။

(ဒုတိယအကြိမ်)

## ၃။ ပိဏ္ဍပါတ်ဓုတင်

ပိဏ္ဍပါတ်ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင် ရဟန်းသည် မရောက်သေးသော ရှေ့အိမ်မှလည်းကောင်း လွန်ခဲ့ပြီးသော နောက်အိမ်မှ လည်းကောင်း ဆွမ်းကိုခံယူ၏။ ဒါယကာတို့အား သပိတ်ကို လည်း ပေး၏၊ ဆွမ်းစားကျောင်း၌ လောင်းလှူသော ဆွမ်း ကိုလည်း ခံယူ၏။ သို့သော် ဖိတ်မံထားသော ဆွမ်းကို စောင့် မျှော်၍ မခံယူ။

မဇ္ဈိမဓုတင်ဆောင် ရဟန်းသည် ဘိုနေ့အဖို့၌ စောင့်မျှော် ကာ ထိုင်လျက်လည်း လာ၍ လှူသော ဆွမ်းကို ခံယူ၏။ သို့သော် နက်ဖြန်အတွက် ဖိတ်ထားသော ဆွမ်းကို မခံယူ။

မုဒုဓုတင်ဆောင် ရဟန်းသည် နက်ဖြန်အတွက် အကျိုးငှာ လည်းကောင်း၊ နှစ်ရက်၊ သုံးရက်လွန်၍ အကျိုးငှာ လည်း ကောင်း ဆွမ်းကို လက်ခံ၏။

## ၄။ သပဒါနစာရိကဓုတင်

သပဒါနစာရိက ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါး အပြား ရှိ၏။

ထိုတွင် ဥက္ကဋ္ဌဓုတင်ဆောင် ရဟန်းသည် မရောက်သေး သော ရှေ့အိမ်မှ လှူသောဆွမ်းကို လည်းကောင်း၊ လွန်ခဲ့ပြီး သော နောက်အိမ်မှ လိုက်၍လှူသော ဆွမ်းကိုလည်း ကောင်း

ဆွမ်းစားကျောင်းသို့ လာရောက်လှူသော ဆွမ်းကို လည်း ကောင်း မခံယူ။

မဇ္ဈိမဓုတင်ဆောင် ရဟန်းသည် မရောက်သေးသော ရှေ့ အိမ်မှ လည်းကောင်း၊ လွန်ခဲ့ပြီးသော နောက်အိမ်မှ လည်း ကောင်း ဆောင်လာ၍ လှူသောဆွမ်းကို လည်းကောင်း ခံယူ၏။

မုဒုဓုတင်ဆောင် ရဟန်းသည် ထိုနေ့အတွက် ဖိတ်မံထား သည့် ဆွမ်းကို ထိုင်၍စောင့်ဆိုင်း ခံယူ၏။

၅။ ကေသနိက်ဓုတင်

ကေသနိက်ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြား ရှိ၏။

ထိုသုံးပါးတို့တွင် ဥက္ကဋ္ဌ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် နည်း သည် ဖြစ်စေ၊ များသည်ဖြစ်စေ (သုံးဆောင်ဖွဲ့ဟု) လက်ကို ချမိသော ဘောဇဉ်မှ တစ်ပါး အခြားသော ဘောဇဉ်ကို မအပ်ပြီ၊ ထောပတ်စသည်ကိုမူကား ဆေးအကျိုးငှာ အပ်၏။

မဇ္ဈိမဓုတင်ဆောင်ပုဂ္ဂိုလ်သည် သပိတ်၌ ဆွမ်းမကုန်သေး သမျှ တစ်ပါးသော ဘောဇဉ်ကို ရ၏။

မုဒုဓုတင်ဆောင် ပုဂ္ဂိုလ်သည် မထသေးသမျှ ကာလပတ် လုံး စားခြင်းငှာ ရ၏။

## ၆။ ပတ္တပိဏ္ဍိကဓုတင်

ပတ္တပိဏ္ဍိကဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြား ရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ကြံစုပ်သော ကာလမှ တစ်ပါး အခြားကာလ၌ ပယ်စွန့်အပ်သော နှစ်ခု မြောက် ခွက်၌ စွန့်ခြင်းငှာ မအပ်။ ထမင်းခဲ, ငါး, အမဲ, မုန့်တို့ကိုခွဲ၍ ဖွဲ့၍ စားခြင်းငှာ မအပ်။

မဇ္ဈိမဓုတင်ဆောင် ပုဂ္ဂိုလ်သည် လက်တစ်ဖက်ဖြင့် ခွဲ၍ ဖွဲ့၍စားခြင်းငှာ အပ်၏။ လက်ယောဂီ မည်၏။

မုဒုဓုတင်ဆောင် ပုဂ္ဂိုလ်သည် အလုံးစုံသော ခဲဖွယ် ဘောဇဉ်ကို လက်ဖြင့် လည်းကောင်း၊ သွားဖြင့် လည်း ကောင်း ခွဲ၍ ဖွဲ့၍ စားခြင်းငှာ အပ်၏။

## ၇။ ခလုပစ္ဆာဘတ်ဓုတင်

ခလုပစ္ဆာဘတ်ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြား ရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ပဝါရိတ်သင့်ပြီး လတ်သော် ပထမဆွမ်းလုတ်ကို မျိုပြီးလျှင် ဒုတိယ ဆွမ်းလုတ် ကို မစားတော့ပေ။

မဇ္ဈိမဓုတင်ဆောင် ပုဂ္ဂိုလ်သည် အကြင်ဘောဇဉ်ကို စား နေစဉ် ပဝါရိတ်သင့်ငြားအံ့၊ ထိုစားဆဲ ကျန်ရှိနေသေးသော ဘောဇဉ်ကိုသာလျှင် စား၏။

(ဒုတိယအကြိမ်)

မူဒုလဇာတ်ဆောင်ပုဂ္ဂိုလ်သည် နေရာမှမလောကသေးသမျှကာလ ပတ်လုံး ကပ်လာသော အခါကိုစား၏။

မှတ်ချက်။ ။ပေါ်ရိတ်သင့်သော ရဟန်းသည် အခြား ဣရိယာ ပထ၌ သောဇဉ်ကို တင်ပြန်စားလိုလျှင် ထိုသောဇဉ်ကို ဝိနည်းတတ်သော ရဟန်းထံဆောင်၍ (အတိရိတ္တံ ကရောတကေ) စားကြွင်းပြုပေးပါလော့ အရှင်ဘုရားတို့ဟု ဆိုရ၏။ ထိုရဟန်းက အနည်းငယ်ယူ၍ စားပြီးလျှင် (အလမေတံ သဗ္ဗံ) ဤအလုံးစုံကို တန့်ပြီဟု ဆို၍ စားကြွင်းပြုပေးရ၏။ ဥက္ကဋ္ဌ ဇာတ်ဆောင်ပုဂ္ဂိုလ်သည် ဤသို့ပင် စားအပ်။ မဇ္ဈိမနှင့် မုဒုတို့ကား သုံးအပ်၏၊ အတိရိတ်ဝိနည်းကံ ပြုဘဲစားလျှင် ဂုဏ်ဇာတ်ပျက်၏ မှတ်ပါ။

ဂ။ အာရညိကင်ဓုတင်

အာရညိကင် ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိ၏—

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် (ဆောင်း, နွေ, မိုး, ဥတုဟူသော) အခါခပ်သိမ်း တောဌ် အရုဏ်တက်စေအပ်၏။ တရား (နာပွဲ) ကို နာနေစဉ် အရုဏ်တက်ငြား သော်လည်း မပျက်။ မဇ္ဈိမဓုတင်ဆောင်ပုဂ္ဂိုလ်သည် နှစ်ဥတု တော ဌ် အရုဏ်တက်စေအပ်၏။ မုဒုဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဝါတွင်းလေးလတို့ ပတ်လုံး တောဌ် အရုဏ်တက်စေအပ်၏။

(ဒုတိယအကြိမ်)

ထို့ကြောင့် ဝါတွင်းဝါကပ် ဝါဆိုစဉ် ဆောင်သော အာရညိကင် ဓုတင်ဆောင် ပုဂ္ဂိုလ်သည် ဝါဆိုလပြည့်ကျော် တစ်ရက်မှစ၍ သီတင်းကျွတ် လပြည့်နေ့မှာ ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသော်လည်း တန်ဆောင်မုန်း လပြည့်နေ့အထိ မိုးရာသီ လေးလ ဖြစ်သောကြောင့် မိုးဥတုကုန်မှ တောရ ဝါကျွတ်လေသည်ဟု မှတ်ပါ။

၉။ ရုက္ခမူဓုတင်

ရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သဘောကျ နှစ်သက်ရာ သစ်ပင်ကို ယူပြီးလျှင် ရှင်းလင်းသုတ်သင်စေခြင်းငှာ မအပ်၊ ကြွေကျသော သစ်ရွက်ကို ခြေဖြင့် ဖယ်ရှား၍ နေရာ၏။

မဇ္ဈိမပုဂ္ဂိုလ်သည် ထိုသစ်ပင်အောက်အရပ်သို့ ရောက်လာသော သူတို့ကိုသာလျှင် သုတ်သင်ရှင်းလင်းစေခြင်းငှာ ရ၏။

မုဒုပုဂ္ဂိုလ်သည် အာရာမ်စောင့်ဒကာများ သာမဏေများကို ခေါ်ယူလျက် သုတ်သင်ရှင်းလင်းစေခြင်းငှာ အပ်၏။

၁၀။ အဗ္ဘောကာသိကဓုတင်

အဗ္ဘောကာသိက ဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါး အပြား ရှိ၏။

(ဒုတိယအကြိမ်)

ထိုတွင် ဥက္ကဋ္ဌရုတင်ဆောင် ပုဂ္ဂိုလ်သည် သစ်ပင်ကို လည်းကောင်း၊ တောင်ကို လည်းကောင်း၊ အိမ်ကို လည်းကောင်း ကပ်မှီ၍ နေခြင်းငှာ မအပ်။ ဟင်းလင်းလွင်တီးခေါင်၌သာ လျှင် နေအပ်၏။ သခ်မ်းကျောင်း၌ နေအပ်၏။

မဇ္ဈိမရုတင်ဆောင် ပုဂ္ဂိုလ်သည် သစ်ပင်, တောင်, အိမ်ကို ကပ်မှီ၍ နေကောင်း၏။

မုဒုရုတင်ဆောင် ပုဂ္ဂိုလ်သည် အမိုးအသွင်ဖြင့် ပြုအပ်သော တောင်ချိုင့် တောင်ဝှမ်း၌ လည်းကောင်း၊ သစ်ခက်ကျဲကျဲ မိုးသော မဏ္ဍပ်၌ လည်းကောင်း၊ သခ်မ်းကျောင်း စွန့်ထားသော လယ်စောင့်တဲတို့၌ လည်းကောင်း နေအပ်၏။

၁၁။ သောသာနိကရုတင်

သုသာန်ရုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ရုတင်ဆောင်ပုဂ္ဂိုလ်သည် သုသာန်၌ သူသေကောင်ကို နေ့စဉ်မပြတ် မီးသင်္ဂြိုဟ်ခြင်း မြေမြှုပ်ခြင်း သူသေကောင်၏ အပုပ်နံ့ မပြတ်ခြင်း၊ ငိုကြွေးသံ မစဲခြင်း ရှိသော သုသာန်၌ နေအပ်၏။

မဇ္ဈိမရုတင်ဆောင် ပုဂ္ဂိုလ်သည် သူသေကောင် လတ်လတ်ဆတ်ဆတ်မြှုပ်နှံသော သုသာန်၌ နေအပ်၏။

မုဒုရုတင်ဆောင်ပုဂ္ဂိုလ်သည် သုသာန်လက္ခဏာသို့ ရောက်ကာမျှဖြစ်သော သုသာန်၌ နေခြင်းငှာအပ်၏။

(ဒုတိယအကြိမ်)

## ၁၂။ ယထာသန္ထတိဓုတင်

ယထာသန္ထတိ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် သုံးပါးအပြားရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင်ပုဂ္ဂိုလ်သည် မိမိအား ရောက်သော ကျောင်းကို ဝေးသလောဟူ၍ လည်းကောင်း၊ နီးသလောဟူ၍ လည်းကောင်း၊ ဘီလူး မြွေစသည်တို့ နှိပ်စက်အပ် နှောက်ယှက်အပ်သလော ဟူ၍ လည်းကောင်း၊ ပူသလော အေးသလောဟူ၍လည်းကောင်း မေးခြင်းငှာမအပ်။ မဇ္ဈိမ ဓုတင်ဆောင် ပုဂ္ဂိုလ်သည် မေးခြင်းငှာရ၏။ သို့သော် လောလုပ္ပတဏှာဖြင့် လေ်လီသောစိတ်ဖြင့် သွား၍ ကြည့်ခြင်းငှာ မအပ်။

မုဒုဓုတင်ဆောင်ပုဂ္ဂိုလ်သည် သွား၍ ကြည့်ပြီးလျှင် ထိုညွှန်ပြထားသော ကျောင်းတွင် မကျန်းမာသည်၏ အဖြစ်ကြောင့်၊ ဝါ၊ ကျန်းမာရေးမပြည့်စုံသောကြောင့် မနှစ်သက်၊ မသင့်လျော်ပါမူ သင့်လျော်သော ကျောင်းကို ယူခြင်းငှာ အပ်၏။

## ၁၃။ နိသဇ္ဇိကဓုတင်

နိသဇ္ဇိဓုတင်ဆောင် ပုဂ္ဂိုလ်သည် သုံးပါ အပြားရှိ၏။

ထိုတွင် ဥက္ကဋ္ဌ ဓုတင်ဆောင် ပုဂ္ဂိုလ်သည် အမှီဖြင့်နေခြင်းငှာ မအပ်။ မဇ္ဈိမဓုတင်ဆောင် ပုဂ္ဂိုလ်သည် နောက်အမှီဖြင့်

နေခြင်းငှာ မအပ်။ မုဒုဓုတင်ဆောင် ပုဂ္ဂိုလ်သည် နောက်မှီ မှီအုံး, အင်းပျဉ်လိုင်ခုံအပ်၏။

ဓုတင် တစ်ဆယ့်သုံးပါးတို့၏ အမြွတ် အလတ် အယုတ် ကျင့်ဆောင်ပုံ ဤတွင်ပြီးပြီ။

❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀

ဓုတင်တစ်ဆယ့်သုံးပါး ရှင်လင်္ကာများ

၁။ ကိလေစင်ပွဲ ဆင်နွဲရာမှာ၊
ဓုတင်ဆယ့်သုံး ကျင့်အုံးခါခါ၊
ယောကျ်ားသားသား စိတ်ဓာတ်ပါ၊
တစ်နေ့ကျ မုချနိုင်ရမှာ။

၂။ ဝီရိယဒွဲ့ အမြဲကျွား၊
မင်္ဂလမ်းဖိုလ်လမ်း မျှော်မှန်းစိတ်မှာ၊
ဒုက္ခင်ငြိမ်းတွင်း လွှတ်ကင်းစေရာ၊
ကျင့်ပါများ တရားမဂ္ဂင်ပါ။

ဓုတင်ဆောင် ပုဂ္ဂိုလ်များ နှုတ်တိုက်ရအောင် ဆောင်နိုင်ကြလျက် အကြောင်းအကျိုးကို သဘောပေါက်နားလည်ပြီး သဒ္ဓါထက်သန်စေရန် ဓုတင် တစ်ဆယ့်သုံးပါးကို ရှင်လင်္ကာ ကဗျာဖြင့် ရေးသားတင်ပြပေအံ့။

(ဒုတိယအကြိမ်)
၁၈၅၀၀

## ၁။ ပံ့သကူဓုတင်

ပေးလှူသင်္ကန်း မမှန်းမမျှော်၊
ပံ့သကူတွေ့ ပျော်မွေ့ရှင်ပျော်၊
လူသေအဝတ် စွန့်လွှတ်ယူသော်၊
ဖွပ်လျှော်သုံး ကျင့်ထုံးဓုတင်ခေါ်။
လူပေးသင်္ကန်း မမှန်းပါသော်၊
သုသာန်ကိုမှ ရှာဖွပ်လျှော်၊
ပံ့သကူချ ရှင်ပျစိတ်ပျော်၊
သစ်ခေါက်ဆိုး ကျင့်ရိုးဓုတင်ခေါ်။

## ၂။ တိစီဝရိက်ဓုတင်

လေးထည်သင်္ကန်း မမှန်းပါသော်၊
သုံးထည်သင်္ကန်း ရည်မှန်းစိတ်ပျော်၊
တိစီဝရ နာမမည်ကျော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။
ပေါများသင်္ကန်း ရှင်လန်းပြန်သော်၊
ကိလေသာစပ် မအပ်မလျော်၊
အလိုနည်းမှ ကျင့်ရစိတ်ပျော်၊
သုံးထည်မှန်း သင်္ကန်းဓုတင်ခေါ်။

(ဒုတိယအကြိမ်)

## ၃။ ပိဏ္ဍပါတ်ဓုတင်

နေ့စဉ်ခံဆွမ်း ရည်မှန်းပါသော်၊
မဖိတ်ပါဘဲ စိတ်ထဲရှင်ပျော်၊
ပိဏ္ဍပါတ်ဟု မည်မှုတွင်ကျော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။
လာဘ်ကိုရည်မှန်း ဖိတ်ဆွမ်းမမျှော်၊
ဝစီဝိညတ် မအပ်မလျော်၊
ကာယဝိညတ် ပြုအပ်မလျော်၊
အလောဘ ကျင့်မှုဓုတင်ခေါ်။

## ၄။ သပဒါနစာရိကဓုတင်

အိမ်စဉ်ချပ်သွား ဆွမ်းများခံသော်၊
ဖြတ်ကျော်မသွား အမှားလျှပ်ပေါ်၊
သပဒါန ဓုတမိန့်ဖော်၊
လောလုပ္ပ ကင်းမှုဓုတင်ခေါ်။
မလှူမလောင်း မကောင်းစိတ်ပေါ်၊
မေတ္တာရှုပွား စိတ်ထားပြန်သော်၊
ကာယဝိညတ် ပြုအပ် မလျော်၊
အိမ်စဉ်ချပ် ဆွမ်းမြတ်ဓုတင်ခေါ်။

(ဒုတိယအကြိမ်)

## ၅။ ဧကာသနိက်ဓုတင်

နေရာအများ မစားပါသော်၊
တစ်ထိုင်တစ်ထပ် ကျင့်အပ်သင့်လျှော်၊
ဧကာသနိက် မည်ဟိတ်တွင်ကျော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။
နေရာအများ ဆွမ်းစားပင့်သော်၊
ကိလေသာပွား မြစ်တားပြန်သော်၊
တစ်ထပ်တည်းမှ ကျင့်ရသင့်လျှော်၊
တဏှာကင်း ပယ်ရှင်းဓုတင်ခေါ်။

## ၆။ ပတ္တပိဏ်ဓုတင်

နှစ်ခွက်မြောက်ဆွမ်း ရည်မှန်းမမျှော်၊
တစ်ခွက်တည်းမှ စားရရှင်ပျော်၊
ကိလေပယ်သတ် ကျင့်အပ်ပြန်သော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။
ဟင်းခွက်အများ ဆွမ်းစားပြန်သော်၊
တဏှာလက်တွင်း သက်ဆင်းမလျော်၊
အပွကိစ္စာ မိန့်ဟောထုတ်ဖော်၊
ကိလေဖြတ် ကျင့်အပ်ဓုတင်ခေါ်။

(ဒုတိယအကြိမ်)

## ၇။ ခလုပစ္ဆာဘတ္တိကဓုတင်

ငှက်ကိုပုံပြု ခေါ်မှုတွင်ကျော်၊
ခလုပစ္ဆာ ဓုတမိန့်ဖော်၊
သစ်သီးလွတ်ကျ ပုံပြငှက်မော်၊
ထိုသစ်သီး အပြီးသူမမျော်။

ပေးလှူဒါန ပြုကြပြန်သော်၊
ဆောင်တန်မြစ်တား စကားမလျော်၊
အတိရိတ္တ ညွှန်ပြမိန့်ဖော်၊
ထိုအကျင့် ယောက်ချင့်ဓုတင်ခေါ်။

## ၈။ အာရညိကင်ဓုတင်

ဆိတ်ငြိမ်အရပ် ချဉ်းကပ်ပြန်သော်၊
ရွာနှင့်ဝေးမှ တောရမည်ခေါ်၊
အာရုံနိမိတ် နေရိပ်ကိုမျှော်၊
အာရည မိန့်ဟဓုတင်ခေါ်။

ရွာဦးကျောင်းမှ ချွန်ရထင်ပေါ်၊
ကိလေမကင်း နေခြင်းမလျော်၊
ရွာဝေးတောကျောင်း စင်းလျောင်းအိပ်ပျော်၊
တိုဘုရား မိန့်ကြားသာဓုခေါ်။

(ဒုတိယအကြိမ်)

## ၉။ ရုက္ခမူဓုတင်

အမိုးငါးပါး ပယ်ရှားပြန်သော်၊
သစ်ပင်အရင်း မှီတင်းနှင်ပျော်၊
ရုက္ခမူဟု ခေါ်မှုတွင်ကျော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။

အတိတ်ကံရှေး လှူပေးကျောင်းတော်၊
ငါ့စွဲမကင်း နေခြင်းမလျော်၊
သစ်ပင်အောက်သွား ကရားရှာသော်၊
ကိလေဖြတ် ကျင့်အပ်ဓုတင်ခေါ်။

## ၁၀။ အဗ္ဘောကာသိက ဓုတင်

ငါးပါးအမိုး ပယ်ရိုးမှန်သော်၊
အရိပ်ကင်းဝေး စိတ်အေးပျော်ပျော်၊
အဗ္ဘောကာသိ မည်ရှိတွင်ကျော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။

သစ်တစ်ပင်ရင်း နေခြင်းမလျော်၊
ထိုသစ်ပင်လဲ ငါ့စွဲပြန်သော်၊
တကျောကင်းပြတ် နေရပ်ရှာသော်၊
အရိပ်ကင်း ကျင့်ခြင်းဓုတင်ခေါ်။

(ဒုတိယအကြိမ်)

## ၁၁။ သောသာနိကဓုတင်

လူနေအရပ် နေအပ်မလျော်၊
သုသာန်ကိုမှ နေရရှင်ပျော်၊
သေခြင်းတရား ရှုပွားပြန်သော်၊
အကျင့်မြတ်သိ မှတ်ဓုတင်ခေါ်။

အသုဘပွား တရားရှာသော်၊
သုသာန်အရပ် ကျင့်အပ်သင့်တော်၊
လူသေကောင်ပုပ် စက်ဆုပ်မှန်သော်၊
ဥက္ကဋ္ဌကျင့် ထပ်ဆင့်ဓုတင်ခေါ်။

## ၁၂။ ယထာသန္ထတိဓုတင်

ကျောင်းဆောင်ပေါများ စိတ်ထားလျှပ်ပေါ်၊
ဆရာပေးကျောင်း ကိန်းအောင်းမွေ့လျော်၊
တစ်ကျောင်းတည်းမှ နေရမှန်သော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။

လျှပ်ပေါ်ပြုခြင်း ပယ်ရှင်းပြန်သော်၊
ဟိုကျောင်း ဒီကျောင်း ရွေ့ပြောင်းမလျော်၊
ကိလေပယ်သတ် ကျင့်မြတ်မှန်သော်၊
လောဘကင်း ပယ်ရှင်းဓုတင်ခေါ်။

(ဒုတိယအကြိမ်)

## ၁၃။ နိသဇ္ဇံ ဓုတင်

ကျောပြင်ခင်း၍ အိပ်ခြင်းမလျော်၊
ထိုင်ကာကျင့်လျက် နှစ်သက်ရွှင်ပျော်၊
သတိမပြတ် ကျင့်အပ်ပြန့်သော်၊
အကျင့်မြတ် သိမှတ်ဓုတင်ခေါ်။

သတိလွှတ်ကင်း အိပ်ခြင်းမလျော်၊
အမှိကင်းဝေး စိတ်အေးရွှင်ပျော်၊
ဥက္ကဋ္ဌအကျင့် ထပ်ဆင့်ရည်မျှော်၊
နိသဇ္ဇံ ထိုင် ထိ မှတ်စိတ်ပေါ။

# ဓုတင် တစ်ဆယ့်သုံးပါး

## အထူးမှတ်ချက်

မြတ်စွာဘုရား ဟောကြားညွှန်ပြသော ဓုတင်တစ်ဆယ့်သုံးပါးသည် နိဗ္ဗာန်သွားရာ ခရီးလမ်းကြောင်း ဖြောင့်တန်းစေရန် ကိလေသာအညစ်အကြေးကို ခါတွက် ပယ်သတ်စေတတ်သောအကြောင်းကို (ဒေဝတာသံယုတ်ပါဠိတော်) တွင် ဓုတင်အကျင့်ကိုပယ်၍ သတ္တဝါတို့၏ ချမ်းသာသုခကို ငါ တရားမမြင်ဟု ဟောသားပါသည်။ လက်တွေ့ကျင့်သုံးကြသော ဓုတင်ဆောင်ပုဂ္ဂိုလ်အနေဖြင့် မြတ်စွာဘုရား ဟောထားသော ကိလေသာ ခါတွက်ပယ်သတ်မှု အကြောင်းနှင့် အကျိုးရတရားများကို စဉ်းစားကြည့်မည်ဆိုပါက တဖြည်းဖြည်း သဘောပေါက် နားလည်လာမည်မှာအမှန်ပင်ဖြစ်ပါသည်။ တရား၏သဘောကို သိသောအခါ မြတ်စွာဘုရားအား အထူးသဖြင့် ကြည်ညိုသောစိတ်ဖြစ်ပြီး ဘုရားနှင့်တရားကို အားကိုးလာရပေသော စိတ်ဟု ဖွားဖွားဖြစ်လျက် ပီတိသမ္မောဇ္ဇင်ဖြင့် တရား၏ အရသာ သန္တိသုခ ဖြစ်မှာ အမှန်မလွဲပါ။ သို့အတွက် ပုဂ္ဂိုလ်တိုင်း လွယ်လွယ်နှင့် သဘောပေါက်စေရန် ဤစာစောင်နှင့် တင်ပြအပ်ပါသည်။

(ဒုတိယအကြိမ်)

## ကိလေသာခါတွက်ပုံပြဆိုချက်

မြတ်စွာဘုရားသည် ရဟန်းတော်များအား ဝိနည်းသိက္ခာပုဒ်(၂၂၇)ပါးသော သိက္ခာပုဒ်တော်ကို ဟောကြားညွှန်ပြဆုံးမတော်မူခဲ့ပါပေ၏။ ရဟန်းအဖြစ်ကို ရသည်နှင့် တစ်ပြိုင်နက် ကြီးလေးသော သိက္ခာပုဒ်များကို ဥပဇ္ဈာယ် ဆရာက မြတ်စွာဘုရား အဆုံးအမတော်အတိုင်း ဝိနည်းဒေသနာ ဟောကြားပြသပါသည်။ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး အတွက် နေထိုင်စားသောက်မှု အတွက်ကိုလည်း ဒါယကာ ဒါယိကာမများ ကြည်ညိုဖွယ်ဖြစ်အောင် ဆုံးမရာတွင်—

"ချစ်သားရဟန်းတို့.... ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးသောပစ္စည်းတို့တွင် ဆွမ်းဘောဇဉ်အတွက် သလုံးမြင်းသား အရင်းထား၍ ဝမ်းခါးအစာမျှရှိသလျှင်ဟုဆုံးမထားပါသည်။နောက်ထပ်တစ်ဖန် ရှေးဘုန်းရှေးကံရှိ၍ လှူသူဒါယကာများရှိပါကလည်း ဒါယကာ၏စေတနာကို ငဲ့သောအားဖြင့် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်ကိုလည်း အလှူခံစားကောင်းသည်" ဟု ဟောထားပါသည်။

ဒါယကာရဲ့ စေတနာကိုငဲ့ပြီး မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို သုံးဆောင်ရာမှာ ပုသုဇဉ်အနွယ်မပြတ်သေးသမျှ ရဲသတဏှာတည်းဟူသော လောဘ ကိလေသာက တော့ ရှိနေဦးမှာ အမှန်ပဲ၊ အဲဒီတော့....သံသာရဝဋ္ဋဒုက္ခတောဆိုပြီး သံသရာဝဋ္ဋမှထွက်မြောက်လို၍ သာသနာ့ဘောင်

ပဗ္ဗဇိတ ဒုလ္လဘကို အရယူလျက် ရဟန်းပြုထားရာတွင် ဆွမ်းနှင့် ပတ်သက်သော ဓုတင်ငါးပါးကို အားကိုး အားထား လက်ကိုင် ပြုရပေတော့မည်။ အဲဒီ ငါးပါးရဲ့ ဆွမ်းနှင့် ပတ်သက်သော ကိလေသာခါတွက်ပုံက ပိဏ္ဍပါတ်ဓုတင်ဖြင့် ဆွမ်းခံရာတွင် ခန္ဓာကိုယ်အတွက် အသက်ရှင်ပြီး တရားအား ထုတ်နိုင်ရေးကို ရှေ့ရှုလျက် သူဌေး သားပင် ဖြစ်စေကာမူ တစ်ဝမ်းတင်ခါးမျှရုံအတွက်ကို နေ့စဉ်ခံဆွမ်းဖြင့် ဆွမ်းခံစားရန် တစ်သံသရာလုံးက အဝိဇ္ဇာဖုံးလွှမ်းလာခဲ့သော ဝိပလ္လာသတရားလေးပါး သုဘ, သုခ, နိစ္စ, အတ္တဆိုတဲ့ သံသရာအစွဲတရားဆိုးများကိုအသိတရားငင်လာစေရန် ဒုက္ခကိုသုခထင်နေသော ဖုံးလွှမ်းမှုတရားများ လက်တွေ့သိပြီး အမြင်မှန်ရစေခြင်းငှာနှင့် ဆွမ်းခံရာတွင်လည်း မဖိတ်ဆွမ်းလို့ ဆိုထား ပြန်ပါသည်။ မဖိတ်ဆွမ်းမှာလည်း ပုထုဇဉ်အနွယ် မပြတ်သေး၍ တောင့်တမှု ကြောင့်ကြမှုနှင့် ချမ်းသာဆင်းရဲကို ရှေးပြီး အလှူခံမှု-လောဘကိလေသာ တဏှာကို ပယ်သတ်ခြင်းပင် ဖြစ်ပါတော့သည်။

တစ်ဖန် မဖိတ်ဆွမ်းဖြင့် နေ့စဉ် ပိဏ္ဍပါတ်ဓုတင်ဆောင်လျက် ဆွမ်းခံပြန်တော့လည်း ညှိဖျင်းသော ဆွမ်းဟင်းဘောဇဉ်ကို လောင်းသောအိမ်ကို လောဘတဏှာဖြင့် စိတ်ကွက်ပြီး ဒေါသကိလေသာကို တားမြစ် ပေးထားပါရန် (သပဒါနစာရိက)ဓုတင်ဖြင့်တားမြစ်ပေးထားပါသည်။ ခလုပစ္ဆာဘတ္တိကဓုတင်မှာလည်း (ခလုပစ္ဆ)ငှက်များသည် မိမိစားမည့်

သစ်သီးကို မတော်တဆလွတ်ကျသွားပါက တစ်နေ့ကုန်အစာ
မစားဘဲအစာငတ်ခံ၍နေသော (ခလုပစ္ဆာဘတ်)ကို ပုံပမာပြု၍
ရဟန်းတော်များကိုလည်း ဓုတင်နှင့် ပညတ်တော်မူသည်မှာ
ကိလေသာကို အမိဋ္ဌာန်ဖြင့် ပယ်သတ်နိုင်စေခြင်းငှာ ဆုံးမ
ထားသော ဓုတင်ဖြစ်ပါ၏။ ဆွမ်းခံပြီးသလုံးမြင်းသားအချင်း
ထား၍ ပေမ်းခါးအစာဟု ဆုံးမထားသော်လည်း ရှေးဘုန်း
ရှေးကံရှိသဖြင့် တစ်အိမ်တက်ဆင်း ဆွမ်းဘောဇဉ်လှူသမျှကို
အလှူခံစားနေမည် ဆိုပါကလည်း နေမွန်းမတည့်မီအတွင်းမှာ
အထပ်ထပ် ကိလေသာဖြင့် ခံစားနေခြင်းကို ပယ်သတ်ခါတွက်
စေရန် တစ်ထိုင်တစ်ထပ်ဖြင့် ကျင့်သုံးစေသော(ဧကာသနိက်)
ဓုတင်ဖြင့် ဆုံးမထားပါသည်။

ရှေးဘုန်းရှေးကံကြောင့်ဖြစ်စေ ကျောင်းတကာတို့ နာမည်
ကြီး၍ဖြစ်စေ ဆွမ်းဘောဇဉ်လှူဖွယ်ဝတ္ထုပေါများပြီး ချိုချို
ချဉ်ချဉ် အမည်မည်သောပေါများခြင်းဖြင့် တစ်ဝမ်းတစ်ခါး
အတွက် အာဟာရအဖြစ် ဘုဉ်းပေးသုံးဆောင်နိုင်ပြန်တော့
လည်း ကိလေသာလက်တွင်းက မလွတ်ပါ။ အချဉ်ကလေး
စားချင်တဲ့စိတ်၊ အစပ်ကလေး စားချင်တဲ့စိတ်တွေကတော့
အမည်မည်သော ဘောဇဉ်တွေများသလောက် ကိလေသာ
တွေဖြစ်မှာကိုသိထားသောကြောင့်တစ်ခွက်တည်းဖြင့်စားသုံး
၍ ကိလေသာကို ပယ်သတ်ခါတွက်စေသော (ပတ္တပိဏ်)ဓုတင်
ကို ဆုံးမဟောညွှန်ပြထားပါသည်၊ ကျောင်းနှင့်ပတ်သက်ပြီး
နေထိုင်ရေးအတွက် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ

(ဒုတိယအကြိမ်)

ကျောင်းဟူသောအမှတ်ဖြင့် နေကောင်းသည်ဟု ဆုံးမထား ပါ၏။ ရှေးဘုန်းရှေးကံကြီးမား၍ သစ်သားကျောင်း, တိုက်ကျောင်း, ဘုံအဆင့်ဆင့်ရှိသောကျောင်း, ရွှေကျောင်း, ငွေကျောင်းများကိုလည်း လှူသူ ဒါယကာရှိပါက အလှူခံပြီး နေကောင်းသေး၏ဟု ဟောထားသဖြင့် သူမတူအောင် ထူးချွန် မွန်မြတ်သော ကျောင်းကြီး အလှူခံပြီး သီတင်းသုံးနေထိုင်ခဲ့သော် အာပတ်ကတော့မသင့်ပါ၊ ငါစွဲမာန်ဘဏ္ဍာဖြင့် နေထိုင်ပါက စိတ္တဝိသုဒ္ဓိ မဖြစ်နိုင်သောကြောင့် ရုက္ခမူဓုတင်ဖြင့် သစ်ပင်ကို ကျောင်းအဖြစ်နှင့် သီတင်းသုံး နေထိုင်ရန် ဆုံးမထားပါသည်။

တစ်ဖန်လည်း အမြဲစွဲ၍နေသော သစ်ပင်သည်ပင်လျှင် အနေကြာပါက ငါ့သစ်ပင်ဟူသော ငါစွဲကို ထပ်မစွဲစေရန် လွင်တီးခေါင်ဖြင့် နေစေလျက် (အဗ္ဘောကာသိက)ဓုတင်ဖြင့် ထပ်၍ ဆုံးမထားပြန်ပါသည်။ အောက်လုပ်လှူဒါန်းသော ကျောင်းမှာနေသည်ဖြစ်စေ၊ ရုက္ခမူကျောင်းမှာနေသည်ဖြစ်စေ တစ်ကျောင်းမကောင်း၍ တစ်ကျောင်းပြောင်းနေလိုသော လျှပ်ပေါ်လော်လီစိတ်ကို တားမြစ်ခြင်း အားဖြင့် ယထာသန္တတိဓုတင်ကို ဟောကြားဆုံးမထားပါသည်။

သင်္ကန်းမှာလည်း မြတ်စွာဘုရားက သုသာန်, ရေဆိပ်, ဈေးကုန်း, အမှိုက်ပုံ (၂၃)ဌာနသောနေရာမှ ပံ့သကူကောက်ယူပြီး သင်္ကန်းအဖြစ် သစ်ခေါက်ဆိုး၍ ဝတ်ရုံကောင်းသည်

ဟုဟောထားပြန်သော်လည်း လျှူသူဒါယကာရှိပြန်က ပိုး၊ ဖဲ၊ ကတ္တီပါ၊ ကမ္ဗလာ သင်္ကန်းများကိုလည်း ဝတ်ရုံကောင်းသည်ဟုဟောထားပြန်သဖြင့် သာယာနှစ်သက်သောစိတ်များဖြင့် ကိလေသာမကင်းနိုင်ပုံကို သိတော်မူသော မြတ်စွာဘုရားက ပံ့သကူဓုတင်ဖြင့် ဆုံးမထားပါသည်။

တစ်ဖန် တိစီဝရိတ်ဓုတင်ဖြင့်လည်း သင်္ကန်းပေါများလျှင် ပေါများသည့်အလျောက် ကိလေသာကပ်ငြိမှုကို ပယ်သတ်စေရန်ဟောကြားဆုံးမထားပါသည်။ သုသာန်ဓုတင်ကတော့ သတိပဋ္ဌာန်ပါဠိတော်မှာ (နဝ သိဝထိက) အပိုင်းကဏ္ဍတွင် ဖူးရောင် ပုပ်ပွနေသော သူသေကောင်၊ ခွေးလင်းတတို့စား၍ အကောင်ပျက်နေသော အရိုးအသားများကို မိမိခန္ဓာကိုယ်မှာ ရှိနေသော အရိုးအသားများနှင့် (ဥပသံဟာရတိ) ကပ်၍ဆောင်စေပြီး အသုဘထင်အောင် ရှုမှတ်ပွားများခြင်းပင် ဖြစ်ပါသည်။

နိသဇ္ဇိဓုတင်ဖြင့် ထိုင်ကျင့်ရသော အကျိုးကတော့ သတ္တဝါမှန်သမျှ မွေးလာကတည်းက အိပ်ခြင်းသာယာမှုဖြင့် အနားယူကြပါသည်။ အိပ်လိုက်လျှင် သတိလွတ်ကင်းပြီး ထိနမိဒ္ဓ အားကြီးလျက် မောဟ ကိလေသာကို မငင်နိုင်စေရန် ထိုင်ကျင့်သော အကျင့်ကို ဟောပြဆုံးမထားပါသည်။ တောရဓုတင် ဆိုတာကတော့ ဆိတ်ငြိမ်မှုရှိသော နေရာမှသာ တရားကြီးပွားနိုင်ကြောင်း ရည်ရွယ်ပြီး အာရညိကင် ဓုတင်ကို ဆုံးမထားခြင်းဖြစ်ပါသည်။

(ဒုတိယ အကြိမ်)

အလွန်ပရိယာယ် မာယာကြွယ်သော (မားပြဂိုလ်)ကြီး သုံးဦးဖြစ်တဲ့ လောဘ, ဒေါသ, မောဟရန်သူကို မြတ်စွာဘုရား ဟောထားသော ဓုတင် (၁၃)ပါး လက်နက်ဖြင့် ပိုက်စိပ် တိုက်ပြီး ကာကွယ်ထားခြင်းဖြင့် ကျန်ရှိနေသော ကိလေသာ ကို ခါတွက်ခြင်းပင် ဖြစ်ပါတော့သတည်း။

မြတ်စွာဘုရားသာသနာတော်နှင့် ကြုံတွေ့သောအချိန်တွင် လူဖြစ် ကြုံဒုလ္လဘကိုလည်း ရထားသည့်ပြင် ယောကျ်ားဘဝကို လည်း ရထားကြသောဘဝပါရမီပြည့်စုံကြသောပုဂ္ဂိုလ်များ၊ ဆယ်ရက်, တစ်ဆယ့်ငါးရက်, တစ်လ အစရှိသည်ဖြင့် မိမိတို့ သဒ္ဓါစွမ်းအားရှိသလောက် ဒုလ္လဘရဟန်းအဖြစ်ကို အရယူ ကြသော ယောဂီများအား ရက်တိုတို့နှင့် မဂ်ဖိုလ်ကို ရောက် စေခြင်းငှာ စေတနာထားပြီး ရေးသားတင်ပြရခြင်းဖြစ်ပါ သည်။ ဒုလ္လဘရဟန်းဝတ်ပြီး ဓုတင် ဆောင်ထားသော်လည်း မိမိဆောင်ထားသော ဓုတင်၏အကျိုးအကြောင်း မသိပါက ယောင်ဝါးဝါးဖြင့် အကျိုးသက်ရောက်မှုနည်းပြီး ရက်စေ့ လို့ သိက္ခာချလူထွက်ပြီး မိမိအိမ်ပြန်ကော့လည်း သူများက မေးလို့မှမပြောတတ်သောအခြေအနေမျိုး မဖြစ်ရလေအောင် ကြောင်းကျိုးနှင့် တကွ ဓုတင်အကျင့်၏ မှန်မြတ်ပုံ၊ ဓုတင်၏ အချိုးအစား၊ ကိလေသာကွာပုံ၊ အကျိုးသက်ရောက်ပုံတို့ကို မှတ်သားလွယ်ကူစေရန် ရှစ်လုံးဘွဲ့ကဗျာများဖြင့် တန်ဆာ ဆင် ရေးသားထားပါကြောင်း။

(ဒုတိယအကြိမ်)

## တောင်ပုလုဆရာတော်ဘုရားကြီး ဓုတင်ပေးတရား ဟောစဉ်မှ အထူးမှတ်ချက်

အတိတ်ရှေးဘဝက ဓုတင်အကျင့်ပါရမီ ရှိခဲ့သူမှန်ရင် ယခုလက်ရှိဘဝသာသနာမှာ ဓုတင်အကျင့်ဖြင့် မဂ်ရမှာအမှန်ပဲ ဟု အမိန့်ရှိတော်မူပါတယ်။ "သပ္ပုရိသူပသံသေဝေါ သောတာ-ပတ္တိအင်္ဂ" ဟု မြတ်စွာဘုရား ဟောကြားတော် မူသော သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး၌ တစ်ပါးအပါဝင် ပင် မဟုတ်ပါလော။

## ဓုတင်ဆောင်ရဟန်းတော်များ သိမှတ်ဖွယ်

မဃဒေဝလင်္ကာမှ မြတ်စွာဘုရား၏ အလိုတော်ကျ ဆုံးမ ထားသည်မှာလည်း—

ရသေ့ရဟန်း ကျင့်ခန်းသိမ်မွေ့ ပြကတေ့ကား ရှင်လေ့ ရှင်မူ ကိုယ်တစ်ခုဖြင့် ဝတ္ထုပစ္စည်း သိမ်းဆည်းကြွက်လို ခုမသို ဘူး တစ်ကိုယ်တစ်ဝမ်း ဖုံးလွှမ်းကာမျှ နည်းကိစ္စဖြင့် အဒ္ဓ နဝ ဒသတစ်ဖြာ ကောဒေသ ဒွါဒသဟု ဤမျှပရိက္ခရာ ကိုယ် တွင်ပါ၍ သွားရာလွယ်လျက် ငှက်၏ပမာ ဝန်ပေါ့စွာဖြင့် တကျာ လောကလမ်း မြွှေနှယ်လှမ်း၍ တောင်းရမ်းဖွေရှာ မလေ့ရာတည်း။

(ဒုတိယအကြိမ်)

## သာဓာရဏကထာ ဓုတင်အားလုံးနှင့် သက်ဆိုင်သော စကား

ဓုတင်ဆောက်တည်ခြင်း၏ အကျိုးကား—

ဤသို့ ဓုတင်ဆောက်တည်လတ်သော် ယိုဂါဝစရပုဂ္ဂိုလ်ဟန်း၏ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတို့ကို ခေါင်းပါးစေခြင်း၊ ဆိတ်ငြိမ်ရာ၌နေခြင်း၊ ကိလေသာကို ဖျက်ဆီးသော အကျင့်ကိုကျင့်ခြင်း၊ အားထုတ်အပ်သော ဝီရိယရှိခြင်း၊ ဒါယကာတို့က ပြုစုမွေးမြူလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူးတည်းဟူသော ရေစင်ဖြင့် ဆေးကြော်အပ်ပြီးသော အညစ်အကြေး ရှိသည်ဖြစ်၍ (ဝါ) အညစ်အကြေးကို ဆေးကြော်ပယ်ရှင်းပြီးသည်ဖြစ်၍ သီလသည်လည်းအလွန်စင်ကြယ်သည်ဖြစ်ပေလတ္တံ့၊ ဓုတင်အကျင့်တို့သည်လည်းပြည့်စုံကြပေလတ္တံ့၊ ဤသို့ သီလစင်ကြယ်ခြင်း ဓုတင်ပြည့်စုံခြင်း ဖြစ်လတ်သော် အပြစ်ကင်းသောသီလနှင့် ဓုတင်အကျင့်ဟူသော ဂုဏ်ကျေးဇူးတို့ဖြင့် စင်ကြယ်သော အလုံးစုံသော ကိုယ်နှုတ်စိတ် အမူအရာ အကျင့်ရှိသော ယောဂီသည် ဘုရား အစရှိသော ရှေးသူတော်ကောင်းတို့၏ ဥစ္စာ ဖြစ်သော အရိယဝံသ အကျင့်သုံးပါး အပေါင်း၌ တည်၍ ဘာဝနာ၌ မွေ့လျော်ခြင်းရှိသည်၏ အဖြစ်ဟု ဆိုအပ်သော လေးခုမြောက်သော အရိယဝံသကို ရထိုက်သည် ဖြစ်ပေလတ္တံ့။ ဤကား ဓုတင်ဆောက်တည်ခြင်း၏ အကျိုးတည်း။

(ဒုတိယအကြိမ်)

နိဗ္ဗာန် လိုလား အမျိုးသားတို့အား မြတ်စွာဘုရား မေတ္တသုတ်ပရိတ်တော်တွင် ဟောထားတော်မူသည်မှာ—

သန္တံ၊ ငြိမ်သက်သော။ ယံ ပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထို နိဗ္ဗာန်သည်။ အဘိသမေစ္စ၊ သစ္စာလေးပါးကို သိသောအားဖြင့် ကောင်းစွာ ရောက်၍။ ဝိဟရိတုကာမေန၊ နေခြင်းငှာ အလိုရှိသော။ အတ္ထကုသလေန၊ အကျိုးစီးပွားဦး လိမ္မာသောရဟန်းသည်။ ကရဏီယံ၊ ပြုကျင့်အပ်၏။

၁။ သက္ကော စ၊ ကိုယ့်အသက်ကို ငဲ့ကွက်ခြင်းမရှိ သစ္စာတရားကို သိခြင်းငှာ စွမ်းနိုင်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

၂။ ဥဇူ စ၊ ဖြောင့်မတ်သော ကိုယ်နှုတ်နှစ်ပါး ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၃။ သုဟုဇူ စ၊ ဖြောင့်မတ်သောစိတ်ထားရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၄။ သုဝစော စ၊ ဆိုဆုံးမလွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

၅။ မုဒု စ၊ နူးညံ့သည်လည်း။ အဿ ဖြစ်ရာ၏။

၆။ အနတိမာနီ စ၊ မာန်ထောင်လွှားခြင်း မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(ဒုတိယအကြိမ်)

၇။ သန္တုဋ္ဌိကော စ၊ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်သည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၈။ သုဘရော စ၊ မွေးမြူလွယ်သည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၉။ အပ္ပကိစ္စော စ၊ နည်းသော ကိစ္စ ရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၀။ သလ္လဟုကဝုတ္တိ စ၊ ပေါ့သော အသက်မွေးခြင်း ရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၁။ သန္တိန္ဒြိယော စ၊ ငြိမ်သက်သော စက္ခု စသော ဣန္ဒြေရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၂။ နိပကော စ၊ ရင့်ကျက်သော ပညာရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၃။ အပ္ပဂဗ္ဘော စ၊ ကိုယ် နှုတ် နှလုံး ကြမ်းကြုတ်ခြင်း မရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၄။ ကုလေသု၊ ဒါယကာတို့၌။ အနနုဂိဒ္ဓေါ စ၊ တပ်မက်မောခြင်း မရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၅။ ယေန၊ အကြင်ကာယ စသော သုံးပါးသော ဒုစရိုက်ကြောင့်။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ကုန်ရာ၏။ ကိဉ္စိ၊ စိုးစဉ်းမျှသော။ ခုဒ္ဒံ၊ အနည်းငယ်ပင်

ဖြစ်သော်လည်း။ တံ၊ ထိုဒုစရိုက်ကို။ န စ အာစရေ၊ မကျင့် ရာသည်သာတည်း။

၁၆။ သဗ္ဗသတ္တာ၊ ခပ်သိမ်းကုန်သောသတ္တဝါအပေါင်း တို့သည်။ သုခိနော ဝါ၊ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် လည်းကောင်း။ ခေမိနော ဝါ၊ ဘေးကင်းငြိမ်းကုန်သည် လည်းကောင်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ်ရှိကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန် သတည်း။

ဣတိ၊ သံသရာဘေးကို ရှုလေ့ရှိသောသူသည်၊ ဒိဋ္ဌိဉ္စ၊ မိစ္ဆာဒိဋ္ဌိသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်မူ၍။ သီလဝါ၊ လော-ကုတ္တရာ သီလရှိသည်ဖြစ်၍။ ဒဿနေန၊ သောတာပတ္တိ မဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍။ ကာမေသု၊ တေ-ဘူမက သင်္ခါရ တည်းဟူသော ဝတ္ထုကာမတို့၌။ ဂေဓံ၊ တပ်ခြင်းကို။ ဝိနေယျ၊ ဖျောက်ရာ၏။ ဇာတု၊ စင်စစ်။ ပုန၊ တစ်ဖန်။ ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေ ခြင်းကို။ န ဧတိ၊ မရောက်ရလတ္တံ့။

မေတ္တသုတ်ပရိတ်တော်တွင် မြတ်စွာဘုရား ဟောထား တော်မူသော ၁၆-ပါးသော ကျင့်ပွား ဆောက်တည်ရမည့် တရားများလည်း ဓုတင်အကျင့်သည်သာလျှင် အခြေခံတရား များ ဖြစ်ပါတော့သတည်း။

(ဒုတိယအကြိမ်)

## အနာဂတ်သာသနာအတွက်

မြတ်စွာဘုရားသည် အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ပါဠိတော် ယောဓာဇီဝဝဂ်(၁၀)စတုတ္ထအနာဂတဘယသုတ်တွင် ရဟန်းတို့အား ဟောကြားညွှန်ပြဆုံးမတော်မူသည်မှာ—

၁။ ရဟန်းတို့ ဤအနာဂတ်ဘေးငါးမျိုးသည် ယခုအခါ မဖြစ်ပေါ်သေးကုန်။ နောင်အခါ ဖြစ်ပေါ်လိမ့်ဦးမည်၊ ထိုဘေးတို့ကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန်အားထုတ်ရမည်။ အဘယ်ငါးမျိုးတို့နည်းဟူမူ- ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် (သင်္ကန်း) ၌ ကောင်းသည်ကို အလိုရှိကြကုန်လိမ့်မည်။ ထိုရဟန်းတို့သည် သင်္ကန်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည်ဖြစ်၍ ပံ့သကူ ဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်။ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်။ ရွာ, နိဂုံး, မင်းနေပြည်တို့၌ ဝင်ရောက်၍ နေကြကုန်လိမ့်မည်။ သင်္ကန်းဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော များလှစွာသော မအပ်သော ပစ္စည်းရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။ ရဟန်းတို့ ဤပဌမ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး။ နောင်အခါ၌ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

၂။ ရဟန်းတို့ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ဆွမ်း၌ ကောင်းသည်ကို အလိုရှိကြကုန်လိမ့်

မည်။ ထိုရဟန်းတို့သည် ဆွမ်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည်ဖြစ်၍ (ပိဏ္ဍပါတ်) ဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်၊ အစွန်အဖျားကျသော တောကျောင်း တို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်။ ရွာ,နိဂုံး,မင်းနေပြည်၌ ဝင်ရောက်၍ လျှာဖျားဖြင့် မြတ်သောအရသာတို့ကို ရှာမှီးကုန်လျက်နေကြကုန်လိမ့်မည်။ ဆွမ်းဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော မျှားလှစွာသော မအပ်သော ပစ္စည်းရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။ ရဟန်းတို့ ဤဒုတိယ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး။ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

၃။ ရဟန်းတို့ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ကျောင်း၌ ကောင်းသည်ကို အလိုရှိကြကုန်လိမ့်မည်။ ထိုရဟန်းတို့သည် ကျောင်း၌ကောင်းသည်ကို အလိုရှိကြကုန်သည်ဖြစ်၍ (သစ်ပင်ရင်း၌နေခြင်းဟု ဆိုအပ်သော) ရုက္ခမူဓုတင်ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်။ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်။ ရွာနိဂုံး, မင်းနေပြည်တို့၌ ဝင်ရောက်၍နေကြကုန်လိမ့်မည်။ ကျောင်းဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော မျှားလှစွာသော မအပ်သော ပစ္စည်းရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။ ရဟန်းတို့ ဤတတိယ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ဖြစ်ပေါ်

၍ လာလိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကိုပယ်ရန် အားထုတ်ရမည်။

၄။ ရဟန်းတို့ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် ဘိက္ခုနီ, သိက္ခမာန်, သာမဏေတို့နှင့် ရောနှော၍ နေကြကုန်လိမ့်မည်။ ရဟန်းတို့ ဘိက္ခုနီ, သိက္ခမာန်, သာမဏေတို့နှင့် ရောနှော၍ နေသည်ရှိသော် မမွေ့လျော်သည်ဖြစ်၍လည်း မြတ်သောအကျင့်ကို ကျင့်ကြကုန်လိမ့်မည်။ ညစ်နွမ်းသော အာပတ်တစ်ခုခုသို့မူလည်း ရောက်ကုန်လိမ့်မည်။ သိက္ခာချ၍မူလည်း လူထွက်ကြကုန်လိမ့်မည် ဟူသော အကျိုးကို (မချွတ်ရလိမ့်မည်)ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ ဤစတုတ္ထ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန်အားထုတ်ရမည်။

၅။ ရဟန်းတို့ နောက်တစ်မျိုးကား အနာဂတ်ကာလ၌ ရဟန်းတို့သည် အရံစောင့် သာမဏေတို့နှင့် ရောနှော၍ နေကြကုန်လိမ့်မည်။ ရဟန်းတို့ အရံစောင့် သာမဏေတို့နှင့် ရောနှော၍ နေသည်ရှိသော် များစွာသော သိုမှီးသုံးဆောင်ခြင်းကို လုံ့လပြု၍ နေကြကုန်လိမ့်မည်။ မြေကြီး၌လည်းကောင်း၊ စိမ်းသော သစ်ပင်ရင်း၌လည်းကောင်း ရှုန်ရင်းသိသာသော နိမိတ်အမှတ်ကိုလည်း ပြုကြလိမ့်မည် ဟူသော အကျိုးကို(မချွတ်ရလိမ့်မည်)ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ ဤပဉ္စမ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊

နောင်အခါ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကိုပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့၊ ဤအနာဂတ်ဘေးငါးမျိုးသည် ယခုအခါ မဖြစ်ပေါ်သေးကုန်။ နောင်အခါ၌ ဖြစ်ပေါ်ကုန်လိမ့်မည်။ ထိုဘေးကို သင်တို့သိရမည်။ သိပြီး၍လည်း ထိုဘေးကိုပယ်ရန် အားထုတ်ရမည်ဟု မိန့်တော်မူ၏။ (ဒသမသုတ်)

❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀

ဓုတင်(၁၃)ပါး၏ အနုသာသနီ အပိုင်းကဏ္ဍ

(မိလိန္ဒမင်းကြီး အမေးကို ရဟန္တာ အရှင် နာဂသေန မထေရ်မြတ် ဖြေဆိုထားသော ဓုတင်အကျင့်မြတ်ပုံ မိလိန္ဒ-ပဉှာ အနုမာနဝဂ်မှ ဖော်ပြရေးသားအပ်ပါသည်။)

# ဓုတင်အကျင့်

**မိလိန္ဒ**....အရှင်ဘုရား၊ လူတို့သည် အိမ်၌နေကာ ကာမဂုဏ်ခံစား၍ သားမယားတို့ဖြင့်ကျဉ်းမြောင်းစွာနေထိုင်ကြသည်။ ကာသိကတိုင်းဖြစ် အဝတ်ကိုဝတ်ဆင်ကြသည်။စန္ဒကူးနံ့သာကို လိမ်းကျံကြသည်။ ရွှေငွေကိုသုံးစွဲပါသော လူတို့တွင် နိဗ္ဗာန်ကို မျက်မှောက် ပြုသူ တစ်စုံ တစ်ယောက် ရှိပါသလော....။

**အရှင်နာဂသိန်**....မင်းကြီး၊ တစ်ပါးမက များစွာရှိသည်။ ကုဋေကုဋာ ဂဏန်းသင်္ချာအားဖြင့် ရေတွက်၍ပြုခြင်းငှာ မစွမ်းနိုင်လောက်အောင်ပင် များပြားလှစွာသည်။

(ဒုတိယအကြိမ်)

**မိလိန္ဒ**....အရှင်ဘုရား၊ အိမ်၌နေလျက် ကာမဂုဏ်ခံစားကြသော လူတို့သည် နိဗ္ဗာန်ကို အကယ်၍ မျက်မှောက်ပြုနိုင်သည်ဖြစ်အံ့။ ဓုတင်တို့သည် အဘယ်အကျိုးရှိအံ့နည်း....။

**အရှင်နာဂသိန်**....မင်းကြီး အလိုအလျောက် ရောဂါပျောက်ပါလျှင် မန္တရားဆေးဝါးသည် အကျိုးမရှိ လက်သီးဖြင့် ရန်သူကို နှိမ်နင်းနိုင်ဘိမူ လက်နက်သည် အကျိုးမရှိ၊ သင်ဖူး သစ်ကိုင်း, သစ်နွယ်ကို ဆွဲပြီး သစ်ပင်ပေါ်တက်နိုင်ဘိမူ လှေကားရှာဖွေခြင်းသည် အကျိုးမရှိ၊ မြေကြီးပေါ်တွင် အိပ်သဖြင့် ဓာတ်သဘာဝ ညီညွတ်ခဲ့ဘိမူ အိပ်ရာ နေရာ ရှာဖွေခြင်းသည် အကျိုးမရှိ၊ တစ်ဦးတစ်ယောက်တည်းဖြင့် ဘေးရန်ကို လွန်မြောက်နိုင်ဘိမူ လူအများကို ရှာဖွေခြင်းသည်အကျိုးမရှိ၊ မြစ်ထိုးအိုင်ကို လက်ပစ်ကူးနိုင်ဘိမူ လှေကိုရှာဖွေခြင်းမှာ အကျိုးမရှိ၊ မိမိဥစ္စာဖြင့် စားဝတ်နေရေးပြုလုပ်ဘိမူ သူတစ်ပါးကိုမှီဝဲ၍ချစ်ဖွယ်သောစကားကိုပြောဆိုခြင်း နောက်လိုက် ရှေ့ပြေးမှုရခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ ရေရှိခဲ့ပါမူ ရေတွင်း ရေကန်တူးခြင်းဖြင့်အဘယ်အကျိုးရှိမည်နည်း။

ထိုနည်းတူစွာ လူပုဂ္ဂိုလ်တို့နိဗ္ဗာန်ကို အကယ်၍ မျက်မှောက်ပြုနိုင်ဘိမူ ဓုတင်အကျင့်ကို ဆောက်တည် သဖြင့် အဘယ်အကျိုးရှိမည်နည်း။

မင်းကြီး ဓုတင်အကျန့်တို့ကို နှစ်ဆယ့်ရှစ်ပါးသော ဂုဏ်ကျေးဇူးတို့ဖြင့် မြတ်စွာဘုရားတို့ လေးစားကြပါသည်၊ တောင့်တကြပါသည်။

(ဒုတိယအကြိမ်)

အသက်မွေးစင်ကြယ်ခြင်း၊ ချမ်းသာခြင်း၊ အပြစ်ကင်းခြင်း၊ သူတစ်ပါးကိုမဆင်းရဲစေခြင်း၊ ဘေးရန်လွတ်ကင်းခြင်း၊ မနှိပ်စက် မညှဉ်းပန်းခြင်း၊ ကုသိုလ်တိုးပွားခြင်း၊ မဆုတ်ယုတ်နိုင်ခြင်း၊ မာယာမရှိခြင်း၊ ကိုယ်ကို စောင့်ရှောက်ခြင်း၊ ဘောင့်တမှုကို ပေးနိုင်ခြင်း၊ သတ္တဝါတို့ကို ဆုံးမနိုင်ခြင်း စောင့်စည်းမှု စီးပွားရှိခြင်း၊ သူတော်ကောင်းအား သင့်လျော်ခြင်း၊ သူတစ်ပါးကို မမှီရခြင်း၊ လာဘ်လာဘမက်မောမှုကင်းခြင်း၊ ရာဂကုန်လွယ်ခြင်း၊ ဒေါသကုန်လွယ်ခြင်း၊ မောဟကုန်လွယ်ခြင်း၊ မာနကို ပစ်ပယ်နိုင်ခြင်း၊ မကောင်းသောအကြံကို ပယ်ဖြတ်နိုင်ခြင်း၊ ယုံမှားမှုကို လွန်မြောက်ခြင်း၊ ပျင်းရိမှုကို ဖျက်ဆီးခြင်း၊ မမွေ့လျော်မှုကို ပယ်နိုင်ခြင်း၊ သည်းခံနိုင်ခြင်း၊ အတု မရှိခြင်း၊ ပြိုင်ဖက် ကင်းခြင်း၊ နိဗ္ဗာန်သို့ ပေါက်မြောက်ခြင်း။

မင်းကြီး ဓုတင်အကျင့်ကို ကျင့်သောသူတို့ကား ဂုဏ်ကျေးဇူးတစ်ဆယ့်ရှစ်ပါးနှင့် ပြည့်စုံကုန်သည်။

အကျင့်စင်ကြယ်၏၊ ကျင့်ဝတ် ကောင်းစွာ ပြည့်စုံ၏၊ ကာယကံ-ဝစီကံ ကောင်းစွာ စောင့်ရှောက်သည်မည်၏၊ စိတ်အလေ့အကျင့်သည် ကောင်းစွာ စင်ကြယ်၏၊ လုံ့လကို ကောင်းစွာ ချီးမြှောက်၏၊ ဘေးဥပဒ်ငြိမ်း၏၊ အတ္တစွဲ၌ ဒိဋ္ဌိကင်း၏၊ ရန်ငြိုးထားခြင်းမှ လွတ်ကင်း၏၊ မေတ္တာဘာရားရှေးရှု၏၊ သုံးဆောင်ဖွယ်ကို ပိုင်းခြားနိုင်၏၊ သတ္တဝါများအလေးပြု၏၊ စားဖွယ်၌ အတိုင်းအရှည်ကိုသိ၏၊ နိုးကြားမှုကိုအားထုတ်နိုင်၏၊ နေရာမရှိ ချမ်းသာသောအရပ်၌ နေနိုင်၏၊ မကောင်း

မှုကို စက်ဆုပ်၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏၊ အမြဲမပြတ် မခမ့မလျော့။

မင်းကြီး ဆယ်ဦးသော ပုဂ္ဂိုလ်တို့သည် ဓုတင်ကျင့်ထိုက်ကုန်သည်။

ယုံကြည်မှုရှိသူ၊ မကောင်းမှု ရှက်တတ်သူ၊ တည်ကြည်သူ၊ အံ့ဖွယ်ကိုမပြုတတ်သူ၊ အကျိုးကိုထုံလေ့ရှိသူ၊ မလျှပ်ပေါ်သူ၊ သိက္ခာအကျင့်ကို လိုလားသူ၊ မြဲစွာဆောက်တည်မှုရှိသူ၊ ကဲ့ရဲ့ခြင်း သဘော မရှိသူ၊ မေတ္တာပွားရ၍ နေလေ့ရှိသူ။

မင်းကြီး အိမ်၌နေ၍ ကာမဂုဏ် ခံစားကြသူ လူပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်။ ထိုသူတို့သည် ရှေးဘဝက ဓုတင်အကျင့်တို့ကို ကျင့်ခဲ့ကြဖူးသည်။ ရှေးဘဝတို့က အလေ့အကျက်နှင့် အထုံအကျင့်ကို သုတ်သင်၍ ယခုဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်။

ဥပမာ....လေးသမားသည် ရှေးဦးစွာ မြားလေ့ကျင့်ရာ တဲမဏ္ဍပ်၌ အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံ လေ့ကျင့်ပြီးမှ မင်း၏ အထံ၌ လေးအတတ်ကိုပြခြင်းဖြင့်နှစ်သက်စေလျက် ဆုလာဘ် ရသည်။ ဆေးသမားသည် ဆရာကို ဥစ္စာဖြင့် လည်းကောင်း ဝတ်ကြီးဝတ်ငယ်ဖြင့် လည်းကောင်း နှစ်သက်ပြီး ဆေးပညာကို သင်ကြား၍ ဆေးကုသည်။ ထို့အတူ ထိုသူတို့သည် ရှေးဘဝတို့က အလေ့အကျက် အကျင့်ကိုသုတ်သင်၍ ဤဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်။ မင်းကြီး ဓုတင်အကျင့်ကို မကျင့်သူတို့အား သစ္စာတရားကို ထိုးထွင်း၍သိခြင်း မဖြစ်နိုင်။ ရေမလောင်းလျှင် မျိုးစေ့ မပေါက်နိုင်သကဲ့သို့ လည်း

ကောင်း ကုသိုလ်မပြုလျှင် သုဂတိဘုံသို့ မလားနိုင်သကဲ့သို့လည်းကောင်း ဓုတင်မကျင့်လျှင် သစ္စာတရားကို ထိုးထွင်း မသိနိုင်။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ တည်ရာဖြစ်သောကြောင့် မြေကြီးနှင့်တူ၏။

ကိလေသာ အညစ်အကြေး ဆေးရာ ဖြစ်သောကြောင့် ရေနှင့်တူ၏။

ကိလေသာအနာကို လောင်မြိုက်စေသောကြောင့် မီးနှင့်တူ၏။

ကိလေသာ မြူမှုန်ကို လွင့်တတ်သောကြောင့် လေနှင့်တူ၏။

ကိလေသာအနာကို ငြိမ်းစေသောကြောင့် အမြိုက်ဆေးနှင့်တူ၏။

မဂ်ဖိုလ်အသင်ပေါက်ရာ ဖြစ်သောကြောင့် လယ်နှင့်တူ၏။

စည်းစိမ်ကို ပေးတတ်သောကြောင့် မနောဟရပတ္တမြားနှင့်တူ၏။

ဘဝသမုဒ္ဒရာ တစ်ဖက်သို့ ရောက်ကြောင်း ဖြစ်သောကြောင့် လှေနှင့်တူ၏။

အိုခြင်း, သေခြင်းကြောက်သူတို့ သက်သာရာ ဖြစ်သောကြောင့် ပုန်းအောင်းရာနှင့်တူ၏။

ဆင်းရဲဖြင့် နှိပ်စက်ခံရသူတို့အား အစဉ်ချီးမြှောက်သောကြောင့် မိခင်နှင့်တူ၏။

ကုသိုလ်ကို တိုးပွားလိုသူတို့၏ မဂ်ဖိုလ်ကို ဖြစ်စေတတ်သောကြောင့် အဖနှင့်တူ၏။

(ဒုတိယအကြိမ်)

ဂုဏ်ကျေးဇူးကို ရှာခြင်း၌ မချွတ်ယွင်း စေတတ်သော ကြောင့် မိတ်ဆွေနှင့်တူ၏။

ကိလေသာ အညစ်အကြေး တို့ဖြင့် မလိမ်းကျံသော ကြောင့် ပဒုမ္မာကြာနှင့်တူ၏။

ကိလေသာ အနံ့ကို ပယ်ဖျောက် တတ်သောကြောင့် နံ့သာမျိုးနှင့်တူ၏။

လောကဓံတရားဖြင့် မတုန်မလှုပ်သောကြောင့် မြင်းမိုရ် တောင်နှင့် တူ၏။

ကိုင်ယူခြင်းမှကင်း၍ ကျယ်ဝန်းသောကြောင့် ကောင်း ကင်နှင့် တူ၏။

ကိလေသာ အဆိပ်ကို ဖျောက်ဖျက် တတ်သောကြောင့် အမြိုက်ရေနှင့်တူ၏။

ကိလေသာ အညစ်အကြေးကို မျှောတတ်သောကြောင့် မြစ်နှင့်တူ၏။

ပဋိသန္ဓေနေရခြင်း ခရီးခဲမှ ထွက်မြောက်စေတတ်သော ကြောင့် လမ်းညွှန်နှင့်တူ၏။

နိဗ္ဗာန်သို့ရောက်စေတတ်သောကြောင့် လှည်းမှူးနှင့်တူ၏။

သင်္ခါရသဘောကိုပြတတ်သောကြောင့်ကြေးမုံနှင့်တူ၏။

ကိလေသာ မြားကို တားမြစ်တတ်သောကြောင့် ကာနှင့် တူ၏။

ကိလေသာ မိုးနှင့် အပူကို ကာကွယ်တတ်သောကြောင့် ထီးနှင့်တူ၏။

ချစ်အပ် တောင့်တအပ်သောကြောင့် လနှင့်တူ၏။

(ဒုတိယအကြိမ်)

မောဟအမိုက်ကို ပယ်ဖျောက်တတ်သောကြောင့် နေနှင့်တူ၏။

မဂ်ဖိုလ်ရတနာကို ဖြစ်စေတတ်သောကြောင့် သမုဒ္ဒရာနှင့်တူ၏။

မင်းကြီး ဤသို့လျှင် ရတနာအကျင့်သည် နိဗ္ဗာန်ကိုလိုလားသူတို့အား များသောကျေးဇူး ရှိသည်။ ကျေးဇူး အစုအပုံမရေမတွက်အပ်။ မနှိုင်းယှဉ်အပ်သော မြတ်သောဂုဏ်ရှိသည်ဖြစ်၍ တောင့်တအပ် မြတ်သည်။

ဥပမာ လူတို့သည် အလောက်အပံ့ အစွမ်းအားဖြင့် ဘောဇဉ်ကို၊ အစီးအပွား၏ အစွမ်းအားဖြင့် ဆေးကို၊ ကျေးဇူး၏ အစွမ်းအားဖြင့် မိတ်ဆွေကို၊ ကူးမြောက်ခြင်း၏ အစွမ်းအားဖြင့် လှေကို၊ ကောင်းသောနံ့သာ၏ အစွမ်းအားဖြင့် ပန်းနံ့သာကို၊ အတတ်ပညာ၏အစွမ်းအားဖြင့်ဆရာကို အသီးသီး မှီဝဲကြသည်။ ထို့အတူ မြတ်သည်၏အစွမ်းဖြင့် ရတနာကို မှီဝဲကြသည်။

ဥပမာ တစ်နည်းသော်ကား- ရေသည် မျိုးစေ့ပေါက်ခြင်းငှာ ဖြစ်သည်။ မီးသည် လောင်ကျွမ်းခြင်းငှာ ဖြစ်သည်။ အာဟာရသည် ခွန်အားကို ဆောင်ခြင်းငှာ ဖြစ်သည်၊ ဤအတူသာလျှင် ရတနာသည် မဂ်ဖိုလ်မျိုးစေ့ပေါက်ခြင်းငှာ ဖြစ်သည်။ ယုတ်မာသော အလိုရှိသောသူသည် ရတနာကို ဆောက်တည် ကျင့်သုံးလျှင် အလုံးစုံသော ဂုဏ်ကို ဖျက်ဆီးရာရောက်သည်။ မင်းဖြစ်ခြင်းငှာ မထိုက်သူသည် ရာဇအဘိသိက် ခံယူလေက အပြစ်ဒဏ်ခံရသကဲ့သို့ ဖြစ်သည်။ မင်းဖြစ်ထိုက်သော

သူသည် ရာဇအဘိသိက် ခံယူလေက အလုံးစုံသောဂုဏ်တို့နှင့် ပြည့်စုံသကဲ့သို့ အလိုနည်း၍ ဆောင်ရွက်ရလွယ်သောသူသော ဓုတင် အကျင့်နှင့် ထိုက်တန်သည်။ ဓုတင်ဖြင့် အလုံးစုံသော မဂ်ကို ရသည်။ ဓုတင်သည် တစ်ဆယ့်သုံးပါးတို့တည်း။

ပံ့သကူဓုတင်, တိစီဝရိတ်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, သပဒါန-စာရိကဓုတင်, ဧကာသနိက်ဓုတင်, ပတ္တပိဏ်ဓုတင်, ခလုပစ္ဆာ-ဘတ္တိကဓုတင်, အာရညကင်ဓုတင်, ရုက္ခမူဓုတင်, အဗ္ဘော-ကာသိကဓုတင်' သောသာနိကဓုတင်, ယထာသန္ထတိဓုတင်, နိသဇ်ဓုတင်။

ဥပမာ — လှေသူကြီးသည် အခွန်အတုတ် ပေးဆောင်ပြီး သည် ဖြစ်၍ သမုဒ္ဒရာသို့သက်ဝင်ကာ အလိုင်းတိုင်း အပြည် ပြည်သို့ လှည့်လည်နိုင်သကဲ့သို့ ရှေးဘဝက မှိုဝဲအပ် အမြဲ ဆည်းကပ်အပ်သော ဓုတင် အကျင့်တို့ဖြင့် အလုံးစုံသော မဂ်ဖိုလ်ကို ရနိုင်သည်။ သိမ်မွေ့ ချမ်းသာသော သမာပတ် အားလုံးသည် ထိုသူအား ဆက်စပ်သည်။

ဥပမာ— ကောင်းစွာ လယ်လုပ်သောသူသည် စပါးကို ရ၍ ဆင်းရဲသားတို့သည် ထိုလယ်သမားအား ဆိုက်ဆောက် ကုန်သကဲ့သို့ သမာပတ်အားလုံးသည် ထိုသူအား ဆက်စပ် ကြသည်။ မင်းသည် လူအပေါင်းကို အစိုးရသကဲ့သို့ ဓုတင် အကျင့်ဖြင့် သာသနာ၌ အစိုးရသည်။

မင်း ကြီး ဝင်္ဂန္တပုတ္တား၏ သား ဥပသေန မထေရ်ကို မြတ်စွာဘုရား မေးတော်မူသည်။ ဥပသေန သင်၏ပရိသတ်

သည် ကြည်ညိုဖွယ်ရှိစွတကား။ သင်သည် ပရိသတ်ကို မည်သို့ ဆုံးမသနည်း။

ထိုအခါ ဥပသေနမထေရ်က ပြန်ကြားလျှောက်ထားသည်။ အရှင်ဘုရား အကြင်သူသည် ကျွန်ုပ်ထံတွင် ရဟန်း အဖြစ်ကို တောင်းပါလျှင် ငါသည် ဓုတင်ဆောက်တည်သည်။ ငါကဲ့သို့ ဆောက်တည်ပါလျှင် ရဟန်းပြုပေးမည်ဟု ထိုသူ အား ပြောပြပြီး လက်ခံနိုင်သူကိုသာ ရဟန်းပြုပေးပါသည်။

မင်းကြီး ဤသို့လျှင် ဓုတင်အကျင့်ကို ဆောက်တည်သော ပုဂ္ဂိုလ်သည် သာသနာ၌ အစိုးရသည်၊ ထိုပုဂ္ဂိုလ်အား သမာပတ်အားလုံးတို့ ဆက်စပ်ကုန်သည်။ မင်းကြီး ပဒုမ္မာ ကြာသည် အလွန်ကြီးပွား သန့်စင်ဇာတ်လျှင် ဖြစ်ကြောင်း ရှိသည်။ နူးညံ့သည် နှစ်လိုဖွယ် ရှိသည်၊ ရနံ့ကောင်းသည်။ ချစ်အပ်သည်၊ တောင့်တအပ်သည်၊ ချီးမွမ်းအပ်သည်၊ ရေ ညွန်ဖြင့် မလိမ်းကျံ၊ ဝတ်မှုန်-ကြာဖတ်-ကြာဝတ်ဆံ-ကြာ ချပ်တို့ဖြင့် တန်ဆာဆင်အပ်သည်၊ ပျားပိတုန်းတို့ မှီဝဲအပ် သည်၊ အေးမြသောရေ၌ ကြီးပွားသည်။ ဤအတူ ရှေး ဘဝက လေ့ကျက်ခဲ့သော ဓုတင် ကျေးဇူးတို့ဖြင့် အရိယာ သာဝကသည် သုံးဆယ်သောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည်။

မေတ္တာစိတ်ရှိသူ၊ ကိလေသာကိုပယ်ပြီးသူ မာန်မူခြင်းကို ပယ်ပြီးသူ၊ သဒ္ဓါတရားမြဲသူ၊ သမာပတ်ကိုရသူ၊ သီလရနံ့ ဖြင့် ထုံသူ၊ လူနတ်တို့ချစ်ခင်မြတ်နိုးသူ၊ အရိယာတို့ တောင့်တ အပ်သူ၊ နတ်လူတို့ ပူဇော်အပ်သူ၊ ပညာရှိတို့ ချီးမွမ်းအပ်သူ၊ လောကနှင့်မလိမ်းကျံသူ၊ အနည်းငယ်သောအပြစ်ကိုဘေးဟု

ထင်သူ၊ မဂ်ဖိုလ်ကို ပြီးစေနိုင်သူ၊ မှန်မြတ်သော ပစ္စည်းကို ရသူ၊ ကျောင်းအိပ်ရာနေရာ အမြဲမရှိသူ၊ ချမ်းမြဲပြင့် နေလေ့ ရှိသူ၊ ကိလေသာကွန်ရက်ကို ဖြတ်ရှင်းသူ၊ ဂတိနိဝရဏတို့ကို ဖြတ်ပြီးသူ၊ မပျက်စီးသောသဘောရှိသူ၊ နှိမ့်ချသော နေထိုင် ခြင်းရှိသူ၊ အပြစ်ကင်းသော သုံးဆောင်ခြင်းရှိသူ၊ ရေစဲသော ဂတိငါးပါးမှ လွတ်သူ၊ ယုံမှားခြင်းကို လွန်မြောက်ပြီးသူ၊ အချဟတ္တဖိုလ်ကိုသာတောင့်တသူ၊ မဂ်ဖိုလ်တရားကိုမြင်ပြီးသူ၊ မြဲမြံစွာနိဗ္ဗာန်သို့ ကပ်ရောက်သူ၊ အနုသယကိုပိုင်းဖြတ်နိုင်သူ၊ အာသဝေါကုန်သူ၊ သမာပတ်ဝင်စားနေသူ၊ ရဟန်း၏ ဂုဏ် ကျေးဇူးအပေါင်းနှင့် ကောင်းစွာ ပြည့်စုံသူ ဖြစ်၏။

မင်းကြီး ရှင်သာရိပုတ္တရာသည် တစ်သောင်းသောလောက ဓာတ်၌ ဘုရားကိုထား၍ အမြတ်ဆုံးမဟုတ်လော၊ ထို အရှင် သည် ဤတစ်ဆယ့်သုံးပါးသော ဓုတင်အကျင့်တို့ဖြင့် အဆုံး မရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည်။

**မိလိန္ဒ .... အရှင်ဘုရား ကောင်းလှပါသည်။**

ဗုဒ္ဓ၏စကားတော်သည်လည်းကောင်း၊ လောကုတ္တရာသည် လည်းကောင်း၊ လောက၌ မှန်မြတ်သော ကောင်းကျိုးချမ်း သာသည် လည်းကောင်း ထိုအလုံးစုံသည် ဤဓုတင်အကျင့်၌ စုပေါင်းဆိုက်ရောက်ပါသည်။

အရှင်ဘုရား နာဂသေန သင်၏အလွန်ဆန်းကျယ်သော **အမေးအဖြေ**ဖြင့် ငြိမ်းအေးသွားပါသည်။

(ဒုတိယအကြိမ်)

ဓုတင်တောရ၊ မြွတ်ဓမ္မကို၊ ကဗျာ့ပန်းနွယ်၊ ဆင်သခြယ်လျက်၊ မကျယ်မကျဉ်း၊ အရင်းမူလ၊ ဓမ္မရသာ၊ မပျောက်ရာတည်း၊ နောက်ခါလူများ၊ အကျိုးများလျက်၊ တိုးပွားစေမှု၊ အာရုံပြု၍၊ တောင်ပုလုခေါ်၊ ဆရာတော်မှ၊ ဟောဖော်တရား၊ ပြန့်ပွားကမ္ဘာ၊ အသိပါက၊ ဘာသာမျိုးခြား၊ လူအများတို့၊ အားရရွှင်လန်း၊ ပီတိဖြန်းလျက်၊ ဆုံးခန်းနိဗ္ဗူ၊ အောင်ဆုယူသည်၊ ကြည်ဖြူထွန်းတောက်၊ မြဲစေသောဝ်။

ဦးကံ့ရှင်
တောင်ပုလု

(ဒုတိယအကြိမ်)

# အကြီးအမှူး သုံးမျိုး

## အင်္ဂုတ္တိုရ် ဒေဝဒူတဝဂ်

### ၁ဝ–အာဓိပတေယျသုတ်

ရဟန်းတို့၊ အကြီးအမှူး ပြု၍ ဖြစ်သော တရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ မိမိကိုယ်ကို အကြီးအမှူး ပြု၍ ဖြစ်သော (အတ္တာဓိပတေယျ)တရားလည်းကောင်း၊ သတ္တလောကကို အကြီးအမှူး ပြု၍ ဖြစ်သော (လောကာဓိပတေယျ)တရား လည်းကောင်း၊ လောကုတ္တရာတရားကို အကြီးအမှူး ပြု၍ ဖြစ်စေသော (ဓမ္မာဓိပတေယျ) တရား လည်းကောင်းတို့တည်း။

**အတ္တာဓိပတေယျတရား**

ရဟန်း တို့၊ မိမိ ကိုယ်ကို အကြီး အမှူး ပြု၍ ဖြစ်သော အတ္တာဓိပတေယျ တရားဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဤ သာသနာတော်၌ ရဟန်းသည် တောသို့ ကပ်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ ကပ်၍ ဖြစ်စေ ဤသို့ဆင်ခြင်၏။ (ငါသည် သင်္ကန်း၊ဆွမ်း၊ကျောင်း၊ ဆေး ဟူသော အကြောင်းကြောင့် သော်လည်းကောင်း၊ ထိုထို သမ္ဘဝဘဝ၏ အကြောင်းကြောင့် သော်လည်းကောင်း လူ့ ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်။

(ဒုတိယအကြိမ်)

စင်စစ်အားဖြင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့သည် ငါ့ကို လွှမ်းမိုးတတ်၏။ ငါ့ကို ဆင်းရဲခြင်းသည် လွှမ်းမိုးအပ်၏။ ငါ့ကို ဆင်းရဲခြင်းသည် နှိပ်စက်အပ်၏။ ဤ အလုံးစုံသော ဆင်းရဲ၏အဆုံးကို ပြုခြင်းသည် အမှန်ပင် ထင်ရှားဖြစ်ရာ၏ဟု နှစ်လုံးသွင်း၍ လူ့ဘောင်မှရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ ငါသည်ကား အကြင်သို့ သဘောရှိကုန်သော ကာမဂုဏ်တို့ကိုစွန့်ပယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ ထိုသို့ သဘောရှိကုန်သော ကာမဂုဏ်တို့ကို သော်လည်းကောင်း၊ ထို့အောက်ယုတ်သော ကာမဂုဏ်တို့ကို သော်လည်းကောင်း ရှာမှီးနေခြင်းအံ့။ ထိုရှာမှီးနေခြင်းသည် ငါ့အား မသင့်လျော်) ဤသို့ ကြံဆင်ခြင်၏။

ထိုရဟန်းတို့သည် ဤသို့ ဆင်ခြင်ပြန်၏။ ငါသည် အပြည့်အစုံ အားထုတ်အပ်သည် ရှိသော် တွန့်ဆုတ်ခြင်း မရှိသော ဝီရိယသည် ဖြစ်လတ္တံ့။ သတိပဋ္ဌာန် လေးပါး၏ အစွမ်းဖြင့် ကပ်၍ တည်သည်ဖြစ်၍ မပျက်သော သတိသည် ဖြစ်လတ္တံ့။ ရူပကာယ, နာမကာယသည် ငြိမ်းသည်ဖြစ်၍ ပူပန်ခြင်းကင်းလတ္တံ့။ အာရုံ၌ ကောင်းစွာ ထားအပ်သည် ဖြစ်၍ တည်ကြည်သော စိတ်သည် ဖြစ်လတ္တံ့ဟု (ဆင်ခြင်ပြန်၏။) ထိုရဟန်းသည် မိမိကိုယ်သာလျှင် အကြီးအမှူးပြု၍ အကုသိုလ်ကို ပယ်စွန့်၏။ ကုသိုလ်ကို ပွားများ၏။ အပြစ်ရှိသောတရားကို ပယ်စွန့်၏။ အပြစ်မရှိသော တရားကို ပွားများ၏။ စင်ကြယ်သော မိမိကိုယ်ကို စောင့်ရှောက်၏။ ဤသည်ကို

မိမိကိုယ်ကို အကြီးအမှူးပြု၍ ဖြစ်သော အတ္တာဓိပတေယျ တရားဟု ဆိုအပ်၏။

**လောကာဓိပတေယျတရား**

ရဟန်းတို့ သတ္တလောကကို အကြီးအမှူး ပြု၍ ဖြစ်သော (လောကဓိပတေယျ) တရားဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ဖြစ်စေ, သစ်ပင်ရင်းသို့ ကပ်၍ဖြစ်စေ, ဆိတ်ငြိမ်ရာသို့ ကပ်၍ဖြစ်စေ ဤသို့ ဆင်ခြင်၏။ ငါသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးဟူသော အကြောင်း ကြောင့် သော် လည်းကောင်း၊ ထိုထိုသမ္ဘဝ၏ အကြောင်းကြောင့်သော် လည်းကောင်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်။

စင်စစ်အားဖြင့် ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့သည် ငါ့ကို လွှမ်းမိုးအပ်၏။ ငါ့ကိုဆင်းရဲခြင်း သည် လွှမ်းမိုးအပ်၏။ ငါ့ကို ဆင်းရဲခြင်းသည် နှိပ်စက်အပ် ၏။ ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးကို ပြုခြင်းသည် အမှန်ပင် ထင်ရှားဖြစ်ရာ၏ဟု နှလုံးသွင်း၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ ငါသည်ကား ဤသို့ ရဟန်း ဘောင်သို့ ဝင်ရောက်ခဲ့သည် ဖြစ်ပါလျက် ကာမဂုဏ်တို့ကို ကြံစည်ခြင်း, ကာမဝိတက်ကိုမူလည်းကြံစည်ငြားအံ့။ ပျက်စီး ရန် ကြံစည်ခြင်း ဗျာပါဒဝိတက်ကိုမူလည်း ကြံစည်ငြားအံ့။

ညှဉ်းဆဲရန် ကြံစည်ခြင်း ဝိတိ^သဝိတက်ကိုမူလည်း ကြံစည်ပြောအံ့။

ဤသတ္တလောက၏ တည်ရာ စကြဝဠာသည် ကျယ်ဝန်းများပြားသည်သာတည်း၊ ကျယ်ဝန်း များပြားသော သတ္တ-လောကတည်ရာ စကြဝဠာ၌ တန်ခိုးကြီး ကုန်သော နတ်မျက်စိ အမြင်ရှိကုန်သော သူတစ်ပါးစိတ်ကို သိ ကုန် သော သမဏ, ဗြာဟ္မဏတို့သည်ရှိကုန်၏။ ထိုသမဏ, ဗြာဟ္မဏတို့သည် ဝေးသောအရပ်မှသော်လည်းကောင်းမြင်နိုင်ကုန်၏။ နီးသော်လည်း မထင်ကုန်။ မိမိ စိတ်ဖြင့်လည်း သူတစ်ပါး စိတ်ကို သိနိုင်ကုန်ရာ၏။ ထိုသမဏ, ဗြာဟ္မဏတို့ သည်လည်း ငါ့ကို ဤသို့သိကုန်ရာ၏။ အချင်းတို့ ဤအမျိုးသားကို ရှုကုန်လော့၊ ဤအမျိုးသားသည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသူ ဖြစ်ပါလျက် ယုတ်ညံ့သော အကုသိုလ်တရားတို့နှင့် ရောပြွမ်း၍ နေဘိ၏ဟု (ဤသို့ သိကုန်ရာ၏)။

တန်ခိုးကြီးကုန်သော နတ်မျက်စိအမြင် ရှိကုန်သော မိမိ စိတ်ဖြင့်လည်း သူတစ်ပါးစိတ်ကိုသိစွမ်းနိုင်ကုန်သော နတ်တို့သည် ရှိကုန်၏။ ထို နတ် တို့ သည် ဝေးသော အရပ်မှသော် လည်းကောင်း မြင်နိုင်ကုန်၏။ နီးကုန်သော်လည်း မထင်ကုန်။ မိမိစိတ်ဖြင့်လည်း သူတစ်ပါးစိတ်ကို သိနိုင်ကုန်၏။ ထိုနတ်တို့သည်လည်း ငါ့ကို ဤသို့သိကုန်ရာ၏။ အချင်းတို့ ဤအမျိုးသားကို ရှုကုန်လော့။ ဤအမျိုးသားသည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ၍

ရဟန်းပြုသူ ဖြစ်ပါလျက် ယုတ်ညံ့သော အကုသိုလ် တရားတို့နှင့် ရောပြွမ်းလျက် နေဘိ၏ဟု (ဤသို့သိကုန်ရာ၏)။

ထိုရဟန်းသည် ဤသို့ ဆင်ခြင်ပြန်၏။ ငါသည် အပြည့်အစုံ အားထုတ် အပ်သည် ရှိသော် တွန့်ဆုတ်ခြင်း မရှိသော ဝီရိယသည် ဖြစ်လတ္တံ့။ သတိပဋ္ဌာန်လေးပါး၏ အစွမ်းဖြင့် ကပ်၍ တည်သည်ဖြစ်၍ မပျက်သော သတိသည် ဖြစ်လတ္တံ့။ ရူပကာယ၊ နာမကာယသည် ငြိမ်း သည် ဖြစ် ၍ ပူ ပန် ခြင်း ကင်းလတ္တံ့။ အာရုံ၌ ကောင်းစွာ ထား အပ် သည် ဖြစ်၍ တည်ကြည်သောစိတ်သည် ဖြစ်လတ္တံ့ဟု (ဆင်ခြင်ပြန်၏)။ ထိုရဟန်းသည် လောကကိုသာလျှင် အကြီးအမှူးပြု၍ အကုသိုလ်ကို ပယ်စွန့်၏။ ကုသိုလ်ကိုပွားများ၏။ အပြစ်ရှိသော တရားကို ပယ်စွန့်၏။ အပြစ်မရှိသောတရားကို ပွားများ၏။ စင်ကြယ်သော မိမိကိုယ်ကို စောင့် ရှောက် ၏။ ရ ဟန်း တို့ ဤသည်ကား လောကကိုအကြီးအမှူးပြု၍ဖြစ်သော တရားဟု ဆိုအပ်၏။

ဓမ္မာဓိပတေယျတရား

ရဟန်းတို့ လောကုတ္တရာ တရားကို အ ကြီး အ မှူး ပြု ၍ ဖြစ်သော ဓမ္မာဓိပတေယျ တရားဟူသည် အ ဘယ် နည်း၊ ရဟန်းတို့ ဤ သာ သ နာ တော် ၌ ရဟန်းသည် တောသို့ကပ်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ကပ်၍ ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ကပ်၍ဖြစ်စေ ဤသို့ဆင်ခြင်၏။ ငါသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟူ သော အ ကြောင်း ကြောင့် သော်

လည်းကောင်း၊ ထိုထိုသမ္ပတ္တိဘဝ၏ အကြောင်းကြောင့်သော်လည်းကောင်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်။

ငင်စစ်အားဖြင့် ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့သည် ငါ့ကို လွှမ်းမိုး အပ်၏။ ငါ့ကို ဆင်းရဲခြင်းသည် လွှမ်းမိုး အပ်၏။ ငါ့ကို ဆင်းရဲခြင်းသည် နှိပ်စက်အပ်၏။ ဤအလုံးစုံသော ဆင်းရဲ၏အဆုံးကို ပြုခြင်းသည်အမှန်ပင် ထင်ရှားဖြစ်ရာ၏။ နှလုံးသွင်း၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင် ရောက် ခဲ့၏။ တ ရား တော် သည် မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော်ပါပေတည်း။ ကိုယ်တိုင် သိမြင်အပ်သော တရားတော် ပါပေတည်း။ အခါမလင့်အကျိုးပေးတတ်သော တရားတော်ပါပေတည်း။ လာလှည့်ရှုလှည့်ဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း။ မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း။ (အရိယာ) ပညာရှိ တို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သောတရားတော်ပါပေတည်း။ ထိုတရားတော်ကို သိကုန် မြင်ကုန်လျက် နေ ကြ ကုန် သော ငါ၏ သီတင်းသုံးဖော်တို့သည် ရှိကြကုန်၏။ ငါသည်သာ ဤသို့ ကောင်းစွာ ဟောကြားအပ်သော သာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုသူ ဖြစ်ပါလျက် ငင်စစ် ပျင်းရိ မေ့လျော့၍ နေငြားအံ့။ ဤသို့နေခြင်းသည် ငါ့အား မသင့်လျော်ဟု ဆင်ခြင်၏။

(ဒုတိယအကြိမ်)

ထိုရဟန်းသည် ဤသို့ဆင်ခြင်ပြန်၏။ ငါသည် အပြည့်အစုံ အားထုတ်အပ်သည်ရှိသော် တွန့်ဆုတ်ခြင်း မရှိသော ဝီရိယ သည် ဖြစ်လတ္တံ့။ သတိပဋ္ဌာန်လေးပါး၏ အစွမ်းဖြင့်ကပ်၍ တည်သည်ဖြစ်၍ တည်ကြည်သော စိတ်သည် ဖြစ်လတ္တံ့။ ရူပကာယ, နာမကာယသည် ငြိမ်းသည် ဖြစ်၍ ပူပန်ခြင်း ကင်းလတ္တံ့။ အာရုံ၌ ကောင်းစွာ ထားအပ် သည် ဖြစ်၍ တည်ကြည်သော စိတ်သည် ဖြစ်လတ္တံ့ဟု ဆင်ခြင် ပြန်၏။ ထို ရဟန်းသည် (လောကုတ္တရာ) တရားကိုသာ အကြီးအမှူး ပြု၍ အကုသိုလ်ကို ပယ်စွန့်၏။ ကုသိုလ်ကို ပွားများ၏။ အပြစ် ရှိ သော တရားကို ပယ်စွန့်၏။ အပြစ်မရှိသော တရားကို ပွား များ၏။ စင်ကြယ်သော မိမိကိုယ်ကိုစောင့်ရှောက်၏။ ရဟန်း တို့ ဤသည်ကို(လောကုတ္တရာ တရားကို)အကြီးအမှူးပြု၍ ဖြစ် သော တရားဟုဆိုအပ်၏။ ရဟန်းတို့အကြီးအမှူးပြု၍ဖြစ်သော တရားတို့ဘည် ဤသုံးမျိုးတို့တည်းဟု ဟောတော်မူ၏။

အချင်းယောကျ်ား၊ မကောင်းမှုကို ပြုသူ၏ ဆိတ်ကွယ်ရာ အရပ်မည်သည် လောက၌ မရှိ။ မှန်သည်လည်း ဖြစ်စေ၊ မှားသည်လည်းဖြစ်စေ အကြင်အမှုကို သင်ပြု၏။ ထို သင်ပြု သော အမှုကို မိမိကိုယ်တိုင်သိ၏။

အချင်းတို့၊ အသင်သူသည် ကောင်းမြတ်၍ သက်သေ သဖွယ် ဖြစ်သော မိမိကိုယ်ကို မထေမဲ့မြင် အောက်မေ့၏။ ထိုသူသည် မိမိ၌ ထင်ရှားရှိသော ထိုမကောင်းမှုကို စင်စစ် လျှို့ဝှက်၏။

လောက၌ မညီမညွတ်သော တရားကို ကျင့်သုံးသော သူမိုက်ကို နတ်တို့သည်လည်းကောင်း၊ ဘုရားစသော သူတော်ကောင်းတို့သည် လည်းကောင်း တွေ့မြင်ကုန်၏။ ထို့ကြောင့် သာလျှင် မိမိကိုယ်ကို အကြီးအမှူး ပြုတတ်သော ရဟန်းသည် လည်းကောင်း၊ ပညာရှိ၍ ကိလေသာကို လောင်ကျွမ်းစေတတ်သူ လောကကို အကြီးအမှူး ပြုတတ်သူ ရဟန်းသည် လည်းကောင်း လောကုတ္တရာတရားအားလျော်သော အကျင့်ရှိသူ၊ မှန်သော လုံ့လရှိသူ၊ လောကုတ္တရာ တရားကို အကြီးအမှူး ပြုတတ်သူသည် လည်းကောင်း မဆုတ်ယုတ်။

ကိလေသာကို လောင်ကျွမ်းစေတတ်သော လုံ့လရှိသော အကြင် ရဟန်းသည် ကိလေသာမာရ်ကို နှိပ်စက်၍ အယုတ်ကို ပြုတတ်သော ကိလေသာ မာရ်ကို လွှမ်းမိုး၍ ပဓာနသ္မိ နေခြင်း၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်၏။ လောကကိုသိတတ်၍ ကောင်းသော ပညာရှိသော ခပ်သိမ်း ကုန်သော တရားတို့၌ ကောင်းသော ပညာရှိသော ခပ်သိမ်း ကုန်သော တရားတို့၌ တပ်ခြင်း တဏှာမရှိသော ဉာဏ်ပညာနှင့် ပြည့်စုံသော ထိုသို့ သဘောရှိသော ရဟန္တာသည် တစ်ခါ တရံမျှ မဆုတ်ယုတ်နိုင်။

စတုတ္ထမြောက် ဒေဝဒူတဝဂ် ဒသမသုတ် ပြီး၏။

# ကံတို့၏ဖြစ်ပေါ်ကြောင်းတရား

## အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်

### ဒေဝဒူတဝဂ် နိဒါနသုတ်

၁၂၇။ ရဟန်းတို့ (ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော) ကံတို့၏ဖြစ်ပေါ်ကြောင်းတရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ လောဘသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ ဒေါသသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ မောဟသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။

၁၂၈။ ရဟန်းတို့ အကြင်ကံကို လောဘသည် ပြုအပ်၏။ လောဘကြောင့် ဖြစ်၏။ လောဘလျှင် အကြောင်း နိဒါန်း ရှိ၏။ လောဘလျှင် အကြောင်းသမုဒယရှိ၏။ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏။ ထိုဘုံ၌ ထိုကံသည် (အားပေး၏)အကျိုးပေး၏။အကြင်ဘုံ၌ ထိုကံသည် အကျိုး ပေး၏။ ထိုဘုံဝယ် မျက်မှောက်ဘဝ၌ သော်လည်းကောင်း၊ ဒုတိယ ဘဝ၌ သော်လည်းကောင်း၊ အဆက်ဆက်သောဘဝ၌ သော်လည်းကောင်း ထိုကံ၏ အကျိုးကို ခံစားရ၏။

၁၂၉။ ရဟန်းတို့ အကြင်ကံကို ဒေါသသည် ပြုအပ်၏။ ဒေါသကြောင့် ဖြစ်၏။ ဒေါသလျှင် အကြောင်းနိဒါန်းရှိ၏။ ဒေါသလျှင် အကြောင်း သမုဒယ ရှိ၏။ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏။ ထိုဘုံ၌ ထိုကံသည် အကျိုး ပေး၏။ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏။ ထိုဘုံဝယ်

မျက်မှောက်ဘဝ၌ သော်လည်းကောင်း၊ ဒုတိယဘဝ၌ သော်လည်းကောင်း၊ အဆက်ဆက်သောဘဝ၌သော်လည်းကောင်း ထိုကံ၏ အကျိုးကိုခံစားရ၏။

၁၃၀။ ရဟန်းတို့၊ အကြင်ကံကို မောဟသည် ပြု၏။ မောဟကြောင့်ဖြစ်၏။ မောဟလျှင် အကြောင်းနိဒါန်းရှိ၏။ မောဟလျှင် အကြောင်းသမုဒယရှိ၏။ အကြင်ဘုံ၌ ထိုကံ ရှိသူ၏ အတ္တဘောသည် ဖြစ်၏။ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏။ အကြင်ဘုံ၌ ထိုကံသည် အကျိုးပေး၏။ ထိုဘုံဝယ် မျက်မှောက်ဘဝ၌ သော်လည်းကောင်း၊ ဒုတိယဘဝ၌ သော်လည်းကောင်း၊ အဆက်ဆက်သောဘဝ၌သော်လည်းကောင်း ထိုကံ၏ အကျိုးကို ခံစားရ၏။

၁၃၁။ ရဟန်းတို့၊ မကွဲမပျက်စီးကုန်သော မပုပ်မဆွေးကုန်သော အနှစ်ကို ယူတတ်ကုန်သော ကောင်းစွာသိမ်းထားအပ်ကုန်သော မျိုးစေ့တို့ကို ကောင်းသော လယ်ယာ၌ ကောင်းစွာ ပြုပြင်အပ်သော မြေ၌ ကြဲချအပ်ကုန်၏။ မိုးသည် ကောင်းစွာ ရေအလျဉ်ကို သွန်းလောင်းရွာချ၏။ ရဟန်းတို့၊ ဤသို့ဖြစ်လတ်သော် ထိုမျိုးစေ့တို့သည် ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်ကုန်သကဲ့သို့။

၁၃၂။ ရဟန်းတို့၊ ဤအတူသာလျှင် အကြင်ကံကို လောဘသည် ပြုအပ်၏။ လောဘကြောင့် ဖြစ်၏။ လောဘလျှင် အကြောင်း နိဒါန်း ရှိ၏။ လောဘလျှင် အကြောင်း သမုဒယ ရှိ၏။ အကြင်ဘုံ၌ ထိုကံရှိသူ၏ အတ္တဘောသည် ဖြစ်၏။ ထိုဘုံ၌ ထိုကံသည် အကျိုးပေး၏။ အကြင်ဘုံ၌ ထို

ကံသည် အကျိုးပေး၏။ ထိုဘုံဝယ် မျက်မှောက်ဘဝ၌ သော်လည်းကောင်း၊ ဒုတိယဘဝ၌ သော်လည်းကောင်း၊ အဆက်ဆက်သော ဘဝ၌ သော်လည်းကောင်း ထိုကံ၏ အကျိုးကို ခံစားရ၏။

အကြင်ကံကို ဒေါသသည် ပြုအပ်၏ ။ပ။ အကြင်ကံကို မောဟသည် ပြုအပ်၏။ မောဟကြောင့် ဖြစ်၏ ။ပ။

ရဟန်းတို့၊ (ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော) ကံတို့၏ ဖြစ်ပေါ်ကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။

၁၃၃။ ရဟန်းတို့၊ (ဝဋ်ဆင်းရဲမှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော) ကံတို့၏ ဖြစ်ပေါ်ကြောင်း တရားတို့သည် ဤ သုံးမျိုး တို့တည်း။ အဘယ်သုံးမျိုးတို့နည်းဟူမူ– အလောဘသည် ကံတို့၏ဖြစ်ပေါ်ကြောင်းတည်း။ အဒေါသသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။ အမောဟသည် ကံတို့၏ ဖြစ်ပေါ်ကြောင်းတည်း။

၁၃၄။ ရဟန်းတို့၊ အကြင်ကံကို အလောဘသည် ပြုအပ်၏။အလောဘကြောင့်ဖြစ်၏။အလောဘလျှင်အကြောင်း နိဒါန်းရှိ၏။ အလောဘလျှင် အကြောင်း သမုဒယ ရှိ၏။ လောဘကင်းသည် ရှိသော် ထိုကံကို ပယ်ပြီး ဖြစ်၏။ အမြစ်အရင်းကိုအကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏။ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏။ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏။ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။

၁၃၅။ ရဟန်းတို့၊ အကြင်ကံကို အဒေါသသည် ပြုအပ်၏၊ အဒေါသကြောင့် ဖြစ်၏။ အဒေါသလျှင် အကြောင်း

နိဒါန်းရှိ၏။ အဒေါသလျှင် အကြောင်းသမုဒယရှိ၏။ ဒေါသကင်းသည် ရှိသော် ထိုကံကို ပယ်ပြီးဖြစ်၏။ အမြင့်အရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏။ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏။ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏။ နောင်အခါ ဖြစ်ပေါ်ခြင်းသဘောမရှိ။

၁၃၆။ ရဟန်းတို့၊ အကြင်ကံကို အမောဟသည် ပြုအပ်၏။ အမောဟကြောင့် ဖြစ်၏။ အမောဟလျှင် အကြောင်းနိဒါန်းရှိ၏။ အမောဟလျှင် အကြောင်းသမုဒယရှိ၏။ မောဟကင်းသည် ရှိသော် ထိုကံကို ပယ်ပြီးဖြစ်၏။ အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏။ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏။ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏။ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။

၁၃၇။ ရဟန်းတို့၊ မကွဲမပျက်စီးကုန်သော မပုပ်ဆွေးကုန်သော လေ၊နေပူတို့ မဖျက်ဆီးအပ်ကုန်သော အနှစ်ကို ယူတတ်ကုန်သော ကောင်းစွာ သိုမှီး၍ ထားအပ် ကုန်သော မျိုးစေ့တို့သည် ရှိကုန်၏။ ထိုမျိုးစေ့တို့ကို ယောကျ်ားသည် မီးဖြင့် တိုက်ငြားအံ့၊ မီးတိုက်၍ မီးသွေးဖြစ်အောင်ပြုငြားအံ့၊ မီးသွေးပြုလုပ်ပြီး၍ ပြင်းထန်သော လေ၌မူလည်း လွင့်ငြားအံ့၊ ရေစီးသန်သော မြစ်၌မူလည်း မျှောငြားအံ့၊ ရဟန်းတို့၊ ဤသို့ ပြုအပ်သော် ထိုမျိုးစေ့တို့သည် အမြစ် အရင်းကို အကြွင်းမဲ့ဖြတ်ပြီး နုတ်ပြီးသော ထန်း ပင် ရာ ကဲ့ သို့ ပြု ပြီး အ သစ် မ ဖြစ် ခြင်း ကို ပြု ပြီး နောင် အ ခါ ဖြစ်ပေါ်ခြင်း သဘောရှိပြီး ဖြစ်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင်

အကြင်ကံကို အလောဘသည် ပြုအပ်၏။ အလောဘကြောင့် ဖြစ်၏။ အလောဘလျှင် အကြောင်းနိဒါန်းရှိ၏။ အလောဘ လျှင် အကြောင်း သမုဒယရှိ၏။ လောဘ ကင်းသည် ရှိသော် ထိုကံကို ပယ်ပြီးဖြစ်၏။ အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်ပြီး ဖြစ်၏။နုတ်ပြီးသောထန်းပင်ရာကဲ့သို့ပြုပြီးဖြစ်၏။အသစ်မဖြစ် ခြင်းကိုပြုပြီးဖြစ်၏။ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိ။ အကြင်ကံကို ဒေါသသည် ပြုအပ်၏ ။ပ။

ပညာမဲ့သော သူမိုက်သည် နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ လောဘကြောင့်ဖြစ်သော ကံကိုလည်းကောင်း၊ ဒေါ သ ကြောင့် ဖြစ်သော ကံကိုလည်းကောင်း၊ မောဟကြောင့် ဖြစ်သော ကံကိုလည်းကောင်း ပြုလုပ်၏။ ထို သူမိုက်သည် ထိုကံကို ဤ မိမိအတ္တဘော၌ပင်လျှင် ခံစားအပ်၏။ ထိုကံ၏ တစ်ပါးသော တည်ရာသည်မရှိ။

ထို့ကြောင့် ပညာရှိသော ရဟန်းသည် လောဘကြောင့် ဖြစ်သော ကံကို လည်းကောင်း၊ ဒေါသကြောင့် ဖြစ်သော ကံကိုလည်းကောင်း၊ မောဟကြောင့် ဖြစ်သော ကံကို လည်း ကောင်း(မပြုတော့ချေ)။ထိုရဟန်းသည် အရဟတ္တမဂ်(ဝိဇ္ဇာ) ကို ဖြစ်စေလျက် ဒုဂ္ဂတိဘဝအားလုံးကို ပယ်စွန့်ရာ၏။

ပြီးပါပြီ။

ကောဝိဒ

# သမထ ဝိပဿနာ တရား
# အားထုတ်ခြင်း၏အကျိုး

## (သရဏ ဒီပကကျမ်းမှ ထုတ်နုတ်ချက်)

နိဗ္ဗာန်လိုလား အမျိုးသား အမျိုးသမီး ယောဂီ ပုဂ္ဂိုလ်တို့အား သမထ၊ ဝိပဿနာ ဘာဝနာတရား အားထုတ်ခြင်း၏ အကျိုးရ တရားများကို (သရဏဒီပက) ကျမ်းမှ ထုတ်နုတ်၍ ရေးသားတင်ပြပါအံ့။

ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်သော သူသည် (ဥပါသကာ)မည်၏။ (သမထ၊ ဝိပဿနာ)တရားတို့ကို ပွားများ အားထုတ်သောသည် (ယောဂါဝစရ) ပုဂ္ဂိုလ် မည်၏။ ထို ယောဂါဝစရ ပုဂ္ဂိုလ်၏ ရအပ်သောအကျိုးကို(ပုဗ္ဗယောဂါ-ဝစရ)သုတ်၌ ဤသို့ဟောတော်မူအပ်၏။

ပါဠိ—

ပဉ္စိမေ အာနိသံသာ ပုဗ္ဗယောဂါဝစရေ ဒိဋ္ဌေဝဓမ္မေ ပဋိကစ္စေဝ အညံ အာရာဓေတိ နောစေ ဒိဋ္ဌေဝဓမ္မေ ပဋိကစ္စေဝ အညံ အာရာဓေတိ၊ အထ မရဏကာလေ အညံ အာရာဓေတိ နောစေ မရဏကာလေ အညံ အာရာဓေတိ၊ အထ ဒေဝ-ပုတ္တော သမာနော အညံ အာရာဓေတိ၊ အထ

ဗုဒ္ဓါနံ သမ္မုခါဘာဝေ ခိပ္ပါဘိညော ဟောတိ၊ အထ
ပစ္ဆိမေ ကာလေ ပစ္စေကသမ္ဗုဒ္ဓေါ ဟောတိ။

အနက်ကား

အာနန္ဒ၊ အာနန္ဒာ။ ပုဗ္ဗယောဂါဝစရော၊ ရှေးအဖို့၌
သမထဝိပဿနာကို အားထုတ်ခြင်း၌။ အာနိသံသာ၊ အကျိုး
ဆက်တို့သည် ဣမေပဉ္စ၊ ဤငါးပါးတို့တည်း။ ဒိဋ္ဌေဝဓမ္မေ၊
မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်။ ပဌမဝယေ၊
သေခြင်းမှ ရှေးအဖို့ဖြစ်သော ပထမအရွယ် ဒုတိယအရွယ်
တတိယအရွယ်၌သာလျှင်။ အညံ၊ အရဟတ္တဖိုလ်ကို။
အာရာဓေတိ၊ ပြီးစေနိုင်၏။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်
သောကိုယ်၏ အဖြစ်၌သာလျှင်။ ပဌမဝယေ၊ ရှေးအဖို့ ဖြစ်
သော အရွယ်သုံးပါး၌သာလျှင်။ အညံ၊ အရဟတ္တဖိုလ်ကို။
နောစေ အာရာဓေတိ၊ အကယ်၍ မပြီးစေနိုင်သည်ဖြစ်အံ့။
အထ၊ ထိုသို့ မဖြစ်သည်ရှိသော်။ မရဏကာလေ၊ သေခါနီး
သောကာလ၌။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊
ပြီးစေနိုင်၏။ မရဏကာလေ၊ သေခါနီးသော ကာလ၌။
အညံ၊ အရဟတ္တဖိုလ်ကို၊ နောအာရာဓေတိ၊ အကယ်၍ မပြီး
စေနိုင်သည်ဖြစ်အံ့။ အထ၊ ယင်းသို့ ဖြစ်သည် ရှိသော်။
ဒေဝပုတ္တော၊ နတ်သားသည်။ သမာနော၊ ဖြစ်လျက်။ အညံ၊
အရဟတ္တဖိုလ်ကို။ အာရာဓေတိ၊ ပြီးစေနိုင်၏။ အထ၊
ယင်းသို့ နတ်သားဖြစ်၍ အရဟတ္တဖိုလ်ကို မပြီးစေနိုင်သည်

ရှိသော်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရား တို့၏။ သမ္မုခါဘာဝေ၊ မျက်မှောက်တော်ဖြစ်သော အခါ၌။ ခီဏာသဝေါ၊ ကုန်သော အာသဝေါ ရှိသော ရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ယင်းသို့ မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ရဟန္တာ မဖြစ်သည် ရှိသော်။ ပစ္ဆိမကာလေ၊ သာသနာတော် ကွယ်သည်မှ နောက်ဖြစ်သော ကာလ၌။ ပစ္စေကသမ္ဗုဒ္ဓေါ၊ တစ်ဆို တယ်ခုသော အကြောင်းကို စွဲ၍ သစ္စာလေးပါးတရားကို ဆရာ မရှိ အလိုလိုသိသော ပစ္စေကဗုဒ္ဓါ ဘုရားသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား

သမထ-ဝိပဿနာတရားကို အားထုတ်ခြင်း၌ အကျိုး အာနိသင်တို့သည် ငါးပါးတို့တည်း။ ငါးပါးဟူသည်ကား-

(၁) သမထ-ဝိပဿနာကို ကောင်းစွာအားထုတ်သော ပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ အရှယ် သုံးပါး တို့တွင် တစ်ပါးပါး၌ပင် အရဟတ္တဖိုလ်ကို မျက် မှောက်ပြုအပ်၏။ ဤကား ရှေးဦးစွာသော အကျိုးတည်း။

(၂) ယင်းသို့ အရဟတ္တဖိုလ်ကို မျက်မှောက်မပြုရသည် ရှိသော် သေခါနီးကာလ၌ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု အပ်၏။

(၃) ယင်းသို့ သေခါနီး ကာလ၌ အရဟတ္တဖိုလ်ကို မျက်မှောက်မပြုရသည်ရှိသော် စုတေ၍ နတ်ပြည်၌ နတ်သား

ဖြစ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ဤကား သုံးခုမြောက်သော အကျိုးတည်း။

(၄) ယင်းသို့ နတ်သားဖြစ်၍ နတ်ပြည်၌ မျက်မှောက် မပြုရသည် ရှိသော် နောက်၌ ပွင့်တော်မူကုန်သော ဘုရားရှင်တို့၏ မျက်မှောက်တော်၌ လျင်သော အသိဉာဏ်ရှိသော မဟာသာဝက ရဟန္တာဖြစ်၍ အရဟတ္တဖိုလ်သို့ မျက်မှောက် ပြုရ၏။ ဤကား လေးခုမြောက် အကျိုးတည်း။

(၅) ယင်းသို့ မြတ်စွာဘုရားလက်ထက်၌ မျက်မှောက် မပြုရသည်ရှိသော် သာသနာတော် ပ,သောအခါ၌ အရှင် ပစ္စေကဗုဒ္ဓါဘုရားဖြစ်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏။ ဤကား ငါးခုမြောက်ဖြစ်သော အကျိုးတည်း။

ချစ်သားအာနန္ဒာ၊ သမထ,ဝိပဿနာ တရားကို အားထုတ်သော ပုဂ္ဂိုလ်တို့သည် အလိုအကြောင်းအားလျော်စွာ ငါးပါးသော ဌာနတို့၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းရှိကုန်သည်ဖြစ်၍ သမထ,ဝိပဿနာကို အားထုတ်ခြင်း၏ အကျိုးတို့သည် ဤငါးပါး တို့ တည်း ဟူလိုသည်။ ယင်းသို့ ဖြစ်၍ အရဟတ္တဖိုလ်ကို အလိုရှိကုန်သော အမျိုးသား တို့သည် အရဟတ္တဖိုလ်၏ အားကြီးနိုးစွာသော အကြောင်းရင်းစစ်ဖြစ်သော သမထ-ဝိပဿနာတရား၌ အားကြီးစွာ အားထုတ်အပ်သတည်း။

သုတ္တနိပါတ် အဋ္ဌကထာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာ စသည်တို့၌လည်း ယင်း အနက်ကို မိန့်အပ်၏။ ထို လောကီ သရဏဂုံကို ပွားများအားထုတ်လျက် ဘုရား၌ယုံကြည်ခြင်း

သဒ္ဓါမြတ်နိုးခြင်း မေတ္တာဥပမ မျှရှိသော ယောဂီပုဂ္ဂိုလ်ကို လည်း ထို သဒ္ဓါဥပမ တရားတို့သည် လက်၌ကိုင်၍ နှတ်ပြည်၌ တင်ထားဘိသကဲ့သို့ မြဲသော သုဂတိဘဝရှိသော အဖြစ်ကို ပြုကုန်၏။ ထိုသို့သော ပုဂ္ဂိုလ်ကို စူဠသောတာပန်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ မူလပဏ္ဏာသ ပါဠိတော်, မူလပဏ္ဏာသ အဋ္ဌကထာ တို့၌ မိန့်အပ်၏။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်(နှာ-၂၅)၌လည်း-

ယေ ကေစိ ဗုဒ္ဓံသရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ဟု ဟောတော်မူ၏။

## အနက်ကား

ယေကေစိ၊ အမှတ်မရှိကုန်သော သူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတာသေ၊ ဆည်းကပ်ကုန်၏။ တေ၊ ထိုသူတို့သည်။ အပါယဘူမိံ၊ အပါယ်လေးဘုံသို့။ န ဂမိဿန္တိ၊ မလားရကုန်လတ္တံ့။ မာနုသံဒေဟံ၊ လူ့ကိုယ်ကို။ ပဟာယ၊ စုတေသောအားဖြင့် စွန့်၍။ ဒေဝကာယံ၊ နတ်ပြည်ကို။ ပရိပူရေဿန္တိ၊ ပြည့်စေကုန်လတ္တံ့။

တရားတော်, သံဃာတော်၌လည်း ထို့အတူတည်း။

(ဒုတိယအကြိမ်)

## သရဏဂုံ၏အကျိုး

နတ်ပြည်၌ အခြားသောနတ်များထက် ဆယ်ပါးသော အကြောင်းဖြင့် ပိုလွန်သော အကျိုးကား-

၁။ နတ်၌ဖြစ်သော အသက်ရှည်ခြင်း၊
၂။ နတ်၌ဖြစ်သော အဆင်းလှခြင်း၊
၃။ နတ်၌ဖြစ်သော ချမ်းသာခြင်း၊
၄။ နတ်၌ဖြစ်သော အခြံအရံများခြင်း၊
၅။ နတ်၌ဖြစ်သော အစိုးရခြင်း၊
၆။ နတ်၌ဖြစ်သော ရူပါရုံ၊
၇။ နတ်၌ဖြစ်သော သဒ္ဒါရုံ၊
၈။ နတ်၌ဖြစ်သော ဂန္ဓာရုံ၊
၉။ နတ်၌ဖြစ်သော ရသာရုံ၊
၁၀။ နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗာရုံတို့ဖြစ်သတည်း။

## မှတ်စုမှတ်တမ်း

ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဗန္ဓုမတီပြည် ဝိပဿီ မြတ်စွာ ဘုရား၏ လက်ယာတော်ရံ(အရှင်နိသဘမထေရ်)ထံတော်တွင် သရဏဂုံ ဆောက်တည်၍ ငါတို့ ဂေါတမ ဘုရား လက်ယာ တော်တွင်(အရှင်သရဏဂမနိယမထေရ်)ဖြစ်၍ ရဟန္တာတစ်ဆူ ထင်ရှားလေသတည်း။

(ဒုတိယအကြိမ်)

## ဒုက္ခ သစ္စာ မြင် သိ ရှစ်လုံးဘွဲ့ကဗျာ

အနတ္တပဲ စိတ်ထဲထင်ရာ၊
ဘဝမငြိမ်း ခပ်သိမ်းဒုက္ခာ၊
တွေ့ကြုံမလွဲ ဆင်းရဲမှန်စွာ၊
လွတ်လိုရေး မျှော်တွေးတရားရှာ။

အနတ္တမြင်၊ ဒုက္ခမြင်၊ အနိစ္စမြင်၊ နိရောဓမြင်။

## ဓုတင်အကျိုး သံပေါက်ကဗျာ

၁။ အမြတ်ဓုတင် ကျင့်ဆောင်လျှင် မဂ္ဂင်လမ်းစပါ။
၂။ မဂ္ဂင်လမ်းစ ရရှာ ကျင့်မှန်ဗ္ဗုတာ။
၃။ ကိလေကျန်ကြွင်း ပယ်သတ်ခြင်း မှူရင်း ဓုတာပါ။
၄။ သံသရာမျှော လောဘဒေါသမောဟ ကျူးဟော့ဒေသနာ။
၅။ ကိလေသုံးချက် ပယ်သတ်ဖျက် မိန့်မြွက်ဓုတသာ။
၆။ ငြိမ်းအေးအစဉ် တရားထင် မဂ္ဂင်အရသာ။
၇။ အရသာတွေ့ တရားမေ့ ကျင့်ရှုပြုံးတော့မှာ။
၈။ ဓုတအကျိုး မောက်မှန်ဖြိုး တန်ခိုးထက်လှစွာ။
၉။ မဂ်ဉာဏ်ဖိုလ်ပေါက် အသိရောက် တွန်းတောက်နိဗ္ဗုတာ။
၁၀။ ပါရမီချိုး လွန်မောက်ဖြိုး အပိုးအနဂ္ဃါ။
၁၁။ နိဗ္ဗာန်လမ်းစ ဤသို့ပြ ဗုဒ္ဓဟောလျက်ပါ။
၁၂။ နိဗ္ဗာန်လိုချင် ဤနည်းပင် သည့်ပြင်မရှိပါ။

(ဒုတိယအကြိမ်)

၁၃။ ကောဓမ္မော ဘုရားဟော သဘောတစ်ခုသာ။
၁၄။ သို့လော ဒွိဟ မရှိမှ တိကျမှန်ကော့မှာ။
၁၅။ ကြုံကြိုက်သာသနာ ဒုလ္လဘာ မှန်စွာလူဖြစ်လာ။
၁၆။ ကြုံကြိုက်သော်လဲ သင်ရှောင်လွှဲ သင်ပဲလူမိုက်ပါ။
၁၇။ ဒုက္ခသစ္စာ တွေ့အောင်ရှာ ပညာသတိပါ။
၁၈။ သစ္စာသိမှ နိဗ္ဗူတ ဒုက္ခအေးငြိမ်းမှာ။
၁၉။ အေးငြိမ်းအစဉ် တရားမြင် မဂ္ဂင်နိဗ္ဗိတာ။
၂၀။ ဤစာရေးရ နိဗ္ဗူတ ရောက်ရပါစေသာ။
၂၁။ ဤကုသိုလ်ကို များလူဗိုလ် ကြည်ညိုအမျှပါ။
၂၂။ သာဓုခေါ်ကြ အမျှရ မိတ္တဆွေကလျာ။
၂၃။ စာသွားရှည်မည် တော်လောက်ပြီ ပြီးသည်နိဗ္ဗိတာ။
၂၄။ ကလောင်မည်တွင်(ဦးကံရှင်)စီစဉ်ရေးသည်သာ။

အရှင် ကောဝိဒ

(ဒုတိယအကြိမ်)

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်

ဘုရားကြီး ဟောကြားတော်မူသော

# သရဏဂုံတည်ခြင်း အကျိုး

# ရတုကဗျာ

ဗုဒ္ဓမြတ်စွာ သာသနာသည်၊ ရောင်ဝါထွန်းခိုက် လွန်သိုက်မြိုက်လျက်၊ ရှိခိုက်ဤခါ ကျွန်းသာယာတွင်၊ ပေါ်လွင်ထင်ရှား မြတ်တရားတွေ၊ ပျော်မွေ့ရွှင်ကြည် တောရမှီလျက်၊ စဉ်ဆက်သံသရာ အောင်လမ်းသာကို၊ ဖွေရှာသမျှ အာရုံပြုသည်၊ တောင်ပုလုခေါ် ဆရာတော်သည်၊ ဟောဖော်တရား သုံးပါးသရဏဂုံ၊ ကောင်းကျိုးစုံကို ဗိုလ်ပုံလူများ၊ သိစေသားဟု စာသွားကဗျာ၊ တင်ဆက်ပါ၏။

မြတ်စွာဗုဒ္ဓ၊ ဂုဏ်ကိုးဝနှင့် ဓမ္မသံဃာ၊ ဂုဏ်များစွာကို စိတ်မှာစွဲစေ၊ နေ့ရက်ရှည်ဖြင့် မနေမနား၊ ကြည်ညိုပွားက တရားစိတ်တွေ၊ ဖြိုးဖြိုးဝေလျက် မြဲလေဂတိ၊ ကေန်ရှိသော်၊ မလျော်ဘေး ဒဏ်၊ ရန်မာန်အပေါင်း မကောင်းဟူသမျှ၊ ပြိုပျက်ရ၏။

ထိုမှတစ်ထွေ၊ ယော ပြော လေ ငြား ဟိုတရေးသည်၊ များလှကောင်းကျိုး တန်ခိုးလက်နက်၊ လွန် စွာ တက် သို့ နရက်ပြည်ရွာ၊ တစ်ခါတစ်ခေါက် မရောက်စေရာ၊ ပမာပုံပြ သာကေမှာ–

(ဒုတိယအကြိမ်)

ဗုဒ္ဓမြတ်စွာ ပွင့်ချိန်ခါတွင်၊ အစဉ်ယစ်မူး သေသောက်ကြူးသည့်၊ ငမူးခေါ်ရ မည်နာမကား၊ သရဏခေါ်တွင် သေလျှင်နတ်ရွာ၊ ခံစားရာကို ဗုဒ္ဓမြတ်စွာ၊ ဟောလေပါက ရယ်ကြလူများ၊ စကားဝိုင်းဖွဲ့ ကဲ့ရဲ့လေဟန်၊ စကားသံကို မဟာနာမ်မင်း၊ တင်လျှောက်သွင်းမှ ဓမ္မအရှင်၊ မြတ်သခင်သည် ကြည်လင်စေသား၊ လူအများကို ထင်ရှား ဥပမာ၊ တဲ့ဖက်ကာဖြင့် ရောဂါအနု၊ စွဲသူမှာကား ဉစ္စာမရှိ၊ ငုံးတိတိနှင့် လူ၏အလယ်၊ မတင့်တယ်လည်း တကယ်ထိမိ၊ တရားရှိ၏ ထိုသည့်ရောဂါ၊ ပျောက်စေကာဖြင့် နူနာလည်းပျောက်၊ သိန်းထီပေါက်သို့ အံ့လောက်တဖြာ၊ ငါပေးပါက မြတ်စွာဗုဒ္ဓ၊ ဓမ္မ,သံဃာ မဟုတ်ပါ၍၊ ယုတ်မာစကား သင်ပြောကြားလော့၊ တခေါ်ကြွ့တပြန် မနာခံက၊ ဓားကြီးနှင့်ပင် ဂုတ်ကိုတင်၍၊ အလျင်သတ်မည် ပြုလုပ်သည်ကို၊ ကြည်ညိုမပျက် အားမာန်တက်လျက်၊ အသက်ပင်သေ နူလေရောဂါ၊ မပျောက်ပါလည်း နောက်ခါဘဝ၊ မပါရတည်း များလှငွေကြေး၊ သင်မပေးနှင့် မျှော်တွေးမထောက်၊ နားနောက်စကား ထိုအမှားကို၊ ငါနားမဝင် အစဉ်ဂတိ၊ မြဲစွာရှိ၏။

ထိုသည့်ဥပမာ၊ တင်စားကာဖြင့် မြတ်စွာဗုဒ္ဓ၊ ဟောလျှင်ပြ၏ အခဝတ္တ ပသာဒ၊ ဘွဲ့ရဂုဏ်ရှင် ဤသို့ပင်တည်း၊ သင်တို့မှာလည်း မြဲစင်ဂတိ၊ ရှိမရှိကို စိစိစစ်ဆေး၊ ကိုယ့်ကိုမေး၍ မနှေးလျင်စွာ၊ ရယူပါက များလှကျေးဇူး၊ အထူးဝိသေသ ဟောကာပြမည်၊ ထောင်နားတည်လော့—

သည်ကမ္ဘာမှ၊ ရေတွက်ဆသော် ကိုးကျော်ကမ္ဘာတစ်၊

ထိုသည့်ခေတ်တွင် ဝိပဿီရှင်၊ မြတ်သခင်သည် လူတွင်ထင်ရှား၊ ဘုရားတစ်ဆူ ပွင့်သောဟူ၏၊ ထိုသည့်ချိန်ခါ လွန်စွာဆင်းရဲ၊ လူငမွဲမှာ မာတာမိခင်၊ ကျေးဇူးရှင်ကို အစဉ်လုပ်ကျွေး၊ ဝမ်းစာရေးနှင့် မအေးရရှာ၊ တစ်နေ့တာမျှ ငါးသီလကို၊ စိတ်မှလိုချင် ဝိတက်ဝင်လျက်၊ ဆင်ခြင်စဉ်းစား အကြံပွားရှိ၊ ဘဝများစွာ သံသရာတွင်၊ ငါပင်လူမွဲ ဒါနနည်းလျက်၊ အမြဲခက္ခာ၊ ဆင်းရဲပါ၏၊ ခုခါပွင့်ငြား မြတ်ဘုရား၏၊ ထင်ရှားသာသနာ ကြုံတွေ့ရာကို၊ မြဲစွာသရဏဂုံ သုံးအစုံနှင့်၊ ငါးဆင့်သီလ မြတ်ဓမ္မကို၊ ရှင်ပျအလို ပီတိပိုကာ၊ စွဲမြဲရာ၏ သေခါနတ်ရွာ၊ လူဖြစ်ပါလည်း စကြာမင်းမြတ်၊ ထပ်ထပ်ကြိမ်ဖန် ခံစံရငြား၊ သိကြွားစည်းစိမ် တထိန်ထိန်နှင့်၊ အကြိမ်ရှစ်ဆယ် ပြည့်ဖိုးကြွယ်မှ၊ ဗုဒ္ဓသစ္စာ ပွင့်သောခါ၌၊ ငါတို့မြတ်စွာ သာသနာတွင်၊ လျင်စွာတရား ရကာသွား၏၊ များရှိလူများ ထိုတရားပင်၊ စိတ်မှာထင်အောင် အစဉ်ပေါ်ပြ၊ ဆိုဆုံးမလျက် နှစ်သက်စေကာ၊ ညွှန်ပြပါ၏။

တစ်ဖြာနောက်ထပ်၊ သုံးနံပါတ်မျှ အကျိုးရပုံ၊ ကောင်းမျိုးစုံသည် ပုံပြင်သက်သေ၊ ပေါ်ပြပေအံ့—

တစ်ရံရောခါ၊ စေတနာမွဲ သဒ္ဓါနည်းသည့်၊ အမြဲတံငါ စီးပွားရှာလျက်၊ အသက်မွေးရာ နေသောခါတွင်၊ ရောဂါဘေးဒဏ် ခံစံနှိပ်စက်၊ ပက်လက်အိပ်ရာ မသက်သာ၍၊ သက်လျာမယား အနားမခွာ၊ စောင့်ရှောက်ရာတည်း ထိုသည့်အခိုက်၊ သပိတ်ပိုက်၍ ငိုက်ဆိုက်မျက်နှာ၊ ပြင်းစွာ

မသွားရထားတံပိုး၊ မျှော်ရိုးတည့်တည့် လေးတောင်ကြည့်
၍၊ မလှည့်အာရုံ ရေနှုတ်ငုံသို့၊ မြေစုံရွှေတွင် ရပ်သည်မြင်
သော်၊ ဒမိလခေါ် တံငါမယ်သည်၊ ငါးဆယ်ကျော်သက်
ရှိပါလျက်လည်း၊ သူတည်းမျက်နှာ ဘယ်သောခါမှ၊ ငါ
မမြင်ဖူး သူ့ကျေးဇူးလည်း၊ အထူးငါမှာ မရှိရာကြောင့်၊
ပြန်ကာကြွစေ ပြောပါလေဟု၊ ချစ်ဆွေမယား အိမ်သက်
ထားကို၊ ရှိင်းစွာဆိုချေ ခိုင်းလိုက်ပေ၏၊ ထိုသည့် မယား
အိမ်သက်ထားလည်း၊ လင်သားစကား ပယ်ရှားတွန်းလှန်၊
မိမိဉာဏ်ဖြင့် ဧကန်မလွဲ၊ ဖြစ်မြဲဓမ္မတာ . ရောဂါနှိပ်စက်၊
အခံခက်၍ ကြင်ဘက်လင်သား၊ သေမည့်လားနှယ် စိတ်အား
ငယ်ရ၊ မယ်ဒုက္ခမှာ နှုတ်ဟချေကာ၊ တင်လျှောက်ပါ၏၊
ထိုသည့်အခါ၊ မြတ်စွာရဟန်း စီးဖြန်းမေတ္တာ၊ ရှေးရှုကာဖြင့်
ကရုဏာသက်၊ အိမ်ပေါ်တက်၍ ထိုင်လျက်ဤခြွေ၊ တည်ငြိမ်
စေမှု ငါးထွေသီလ၊ ခံယူရက များလှကျေးဇူး၊ ဂုဏ်အထူး
ကို ကြည်နူးစေရာ နှုတ်မှာချီက မထလူနာ ထိုဒကာသည်၊
စိတ်မှာကြည်ရွှင် ယူလိုက်စဉ်မှ၊ သုံးဝသရဏဂုံ နှုတ်မှာငုံ
လျက်၊ အသက်ခန္ဓာ ပြတ်ငဲရှာ၏၊ သေခါနတ်ရွာ သတိပါ၍၊
မြန်စွာဣဒ္ဓိ နတ်မျက်စိဖြင့်၊ ပြန်ကြည့်လေလျှင် ဂုဏ်အရှင်
သည်၊ အိမ်တွင်ရှိငြား ပြန်မသွားဘဲ၊ တရားနှင့်သာ နေသည်
မှာကို၊ လျင်စွာရောက်လာ ဦးနှိမ်ကာဖြင့်၊ တပည့်တော်မှာ
တည်စွာသရဏဂုံ၊ သုံးအစုံကြောင့် ဘုံမှာနတ်ရွာ၊ စတု
မဟာရာဇ် နတ်မှာဖြစ်၏၊ သည်တွင်မက ငါးသီလကို၊
အကုန်ဆိုလျှင် ထက်ခွင်နတ်ရွာ၊ ရောက်သေးပါ၏ လက်ရှိ

(ဒုတိယအကြိမ်)

# မုတင်္ဂပကာသနီကျမ်း

ဧကျူးဌူး၊ ဂုဏ်အထူးကို ကြည်နူးကာပိုက်၊ အာရုံစိုက်လျက် တိုက်ရိုက်နှုတ်ရွာ၊ ပြန့်သွားရာကို ပုံဥပမာ၊ ဟောပြပါ၏။

ဆွေညာရင်ချာ၊ တို့တကာနှင့် များစွာလူများ၊ ထို တရားကို ပွားများတုံဘိ၊ မြဲသတိဖြင့် လက်ရှိသာသနာ၊ မလွတ်ပါစေအောင် မရှောင်မကွင်း၊ အရင်းမူလ မဂ်လမ်းစကို၊ မှန်းသည်နေ့ စိတ်မထွေပဲ၊ အမြဲလျင်သာ ပွားများရာတည်း၊ လူကြီးကလေး ချိန်မရွေးဘဲ၊ ကျင့်ရေးလွယ်ကူ ပယ်မှုမိစ္ဆာ၊ တစ်သက်တာမှာ တစ်ခါတည်းငြား၊ အကုန်မှားလျက် ဘဝ များစွာ၊ အထုံပါ၍ များစွာအကျိုး၊ တန့်ဖိုးများ၏ တရား အစစ်၊ ဖြစ်မဖြစ်လည်း စိစိစစ်ဆေး၊ ကိုယ့်ကိုဒမ်း၍ မနှေး လျင်မြန်စွာ၊ စမ်းသပ်ပါလျှင် ရလာပတ္တမြား၊ လက်ဝါး ပေါ်တင် လျှပ်ရောင်မြင်က၊ ပေါ်လွင်ထင်ရှား သိသော လားသို့၊ မခြားအသွင် ဤသို့မြင်မူ၊ မဂ္ဂင်ဖောင်နန်း အောင် စခန်းကို၊ တက်လှမ်းဖို့ရာ အောင်အပ်စွာသည်၊ မြေမှာ လက်ခတ် မလွဲတည်း။

ရဟန်းဘွဲ့တော် အရှင်ကောဝိဒ

ကလောင်အမည် ဦးကံရွှင်(တောင်ပုလု)

လူအမည် ဦးအောင်မင်း(ဖက်ကုန်းရွာ)

(ဒုတိယအကြိမ်)

# အောင်မိသားစုစာပေမှ ရနိုင်သော စာအုပ်များ

၁။ အခြေပြုဗုဒ္ဓဘာသာ အသိပညာပေး အမေးအဖြေ
မေမြို့ မိုးကြည်.... ၅ကျပ်
၂။ ဂုဏ်တော်စွမ်းအား လက်တွေ့အကျိုးများ (၁)
မင်းဘူးမျိုးသက်အောင်....၁၂ကျပ်
၃။ မြတ်ဗုဒ္ဓ၏ အမွေတော်များ၊ သန်းဝင်းရှိန်....၂၀ကျပ်
၄။ မြတ်ဗုဒ္ဓ၏ဓမ္မအမြင် (မြန်ဂုဏ်ဆောင်)....၂၅ကျပ်
၅။ ဘဝဒဿန (ဝင်းအောင်)... ၁၅ကျပ်
၆။ ဒက္ခိဏာသားကို ထုလုပ်ကိုးကွယ်မှု လက်တွေ့အကျိုးများ
၁၂ကျပ်
၇။ ပဒေသာရတုများ (လက်ဝဲ့မင်းညို).... ၇ကျပ်
၈။ ဓမ္မပဒေသာမဂ္ဂဇင်း (လစဉ်ထုတ်).... ၇ကျပ်

**ဆက်လက်ထွက်မည့်စာအုပ်များ**

၁။ ဂုဏ်တော်စွမ်းအား လက်တွေ့အကျိုးများ (၂)
၂။ တောင်တန်းတရားတော်များ
(တောင်တန်းသာသနာပြုဆရာတော်)
၃။ ဘာတန်ဖိုး အမှန်တိုးအောင် (သုတေသီ ဘုန်းမြင့်သွေး)
၄။ တမလွန်ဘဝပြဿနာ (၂)၊ (ဦးကောသလ္လ)
၅။ ပဋ္ဌာန်းကျင့်စဉ် (အရှင်ကုမာရ)

---

**အောင်မိသားစုစာပေ**
ဘုရားလမ်းဘူတာ၊ ဗိုလ်ချုပ်ဈေးစာတိုက်
ရန်ကုန်မြို့။